

# အချိန်မလုံလောက်ပါ – မြန်မာ့မြို့ပြနေ အမျိုးသမီးများ၏ အတွေ့အကြုံများအား နားလည်သဘောပေါက်ခြင်း

## မြို့ပြလူနေမှုဘဝစစ်တမ်းအသုံးပြု ဆွေးနွေးမှုစာတမ်း

*Caitlin Williscroft*

The Asia Foundation

# ကျေးဇူးတင်လွှာ


ဦးဆောင်ရေးသားသူ
Caitlin Williscroft

စီမံကိန်း စီမံခန့်ခွဲမှု
ယုဇင်ထွန်း၊ James Owen

ဒေတာစိစစ်လေ့လာမှု
Gabby Hubert

စာပြင်
Emma Cavendish

မြန်မာဘာသာပြန်
စောဆာဂေးဒို၊ ယုဇင်ထွန်း

ဂရပ်ဖစ်ဒီဇိုင်း
Karlien Truyens၊ ရဲထွတ်ဦး

ပြန်လည်သုံးသပ်ပေးသူများ
Melissa K. Booth, ခင်ခင်မြ, Kay Soe,
Cate Buchanan, Diana Fernandez, Nicola Nixon,
James Owen, David Ney, Laura Edwards

**FUNDED BY:**

UKaid
from the British people

# ဥပယောဇဉ်

အာရှဖောင်ဒေးရှင်းသည် ရန်ကုန်နိုင်ငံရေး သိပ္ပံကျောင်းနှင့် ပူးပေါင်း၍ ၂၀၁၇ စမ်းသပ်ကောက်ယူမှု အောင်မြင်ခဲ့ပြီးနောက် ၂၀၁၈ တွင် မြို့ပြလူနေမှုဘဝ စစ်တမ်းကို အပြည့်အဝ အကောင်အထည်ဖော် နိုင်ခဲ့သည်။ မြန်မာနိုင်ငံရှိ မြို့ကြီးများ၏ ပြောင်းလဲဖြစ်ပေါ်မှုနှင့် လူထု၏ နေပျော်သာယာမှုအပေါ် ယင်းအပြောင်းအလဲများ၏ သက်ရောက်မှုကို နားလည်သဘောပေါက်နိုင်မည့် နည်းလမ်းတစ်ခုအနေဖြင့် မြို့များစွာ ပါဝင်သည့် နှစ်စဉ်လူထုသဘောထားအမြင် စစ်တမ်းကောက်ယူခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေး ပြောင်းလဲမှုအဆင့်များ အလွန်ကွဲပြားနေသောကြောင့် နိုင်ငံ့အရေး လေ့လာသူများအနေဖြင့် မည်သည့် အရာတွင် ပြောင်းလဲနေသည်နှင့် မည်သည့်အရာတွင် ယခင်အတိုင်း ရှိသည်၊ မတူညီသော အုပ်စုများအလိုက် အပြောင်းအလဲ မည်မျှကွာခြားသည်၊ မည်သည့်သက်ရောက်မှုများက စီးပွားရေးနှင့် လူမှုအသိုင်းအဝန်းအတွက်ဖြစ်သည် စသည်တို့ကို ခြေရာခံနိုင်ရန် စိန်ခေါ်မှုများ ရှိနေပါသည်။ စိန်ခေါ်မှု ရှိရခြင်းမှာ အကြောင်းရင်း နှစ်ခုကြောင့် ဖြစ်ပါသည်။ ပထမတစ်ချက်မှာ မြို့ပြနေထိုင်သူများ၏ အတွေ့အကြုံအမျိုးမျိုးတို့နှင့် စပ်လျဉ်းသည့် ယုံကြည်စိတ်ချရသော နှိုင်းယှဉ်ပြဒေတာနှင့် ရေရှည်တိုင်းတာမှု ဒေတာများ မရှိခြင်း ဖြစ်သည်။ ဒုတိယတစ်ချက်မှာ မြို့ပြ ခေါင်းဆောင်တို့ အချက်အလက် ရယူရာ အရင်းအမြစ် တစ်ခုအဖြစ် လူမှုမီဒီယာများ၏ အရေးပါမှု လျှင်မြန်စွာ မြင့်တက်လာနေခြင်း ဖြစ်သည်။ အစိုးရအရာရှိများ၏ လူမှုမီဒီယာများမှတဆင့် ပြည်သူ့ သဘောထားအမြင်များကို တိုက်ရိုက် ရယူခြင်း တိုးမြှင့် လာမှုများရှိနေသော်လည်း ကမ္ဘာတစ်ဝှမ်းတွင် ဤကဲ့သို့ လူမှုမီဒီယာများမှ ရရှိလာသော အချက်အလက်များသည် တစ်ဘက်စောင်းနင်း ဖြစ်နိုင်ကြောင်း စတင်နားလည်လာနေပြီဖြစ်သည်။

မြို့ပြလူနေမှုဘဝ စစ်တမ်းဆိုသည်မှာ သိပ္ပံနည်းကျ သုတေသနများအပေါ် အခြေခံပြီး မြန်မာ့အကြီးဆုံး မြို့များထဲမှ မြို့ငါးမြို့ရှိ နေထိုင်သူများ၏ သာယာချမ်းမြေ့မှုအပေါ် လွှမ်းမိုးသက်ရောက်နေသည့် ကဏ္ဍအသီးသီးကို တိုင်းတာရန် ကိရိယာ တစ်ခုဖြစ်သည်။ သာယာချမ်းမြေ့မှု ဟူသော ဝေါဟာရသည် အဓိပ္ပာယ်ကျယ်ပြန့်ပြီး ရှုထောင့်စုံ ထည့်သွင်းစဉ်းစားထားသည့် အယူအဆတစ်ခု ဖြစ်သည်။ ရိုးရှင်းစွာ ဆိုရပါက သာယာချမ်းမြေ့မှုဆိုသည်မှာ ဘဝတစ်ခုကို ကောင်းမွန်စွာ ရှင်သန်နေထိုင်နိုင်ခြင်းပင် ဖြစ်ပါသည်။ မြို့ပြလူနေမှုဘဝ စစ်တမ်းသည်လည်း မြို့ပြဘဝ သာယာချမ်းမြေ့မှုအတွက် အရေးကြီးသည့် ကဏ္ဍများကို ဖော်ထုတ်နိုင်ရန် ပုံဖော်ထားခြင်း ဖြစ်သည်။ ၂၀၁၈ အနှစ်ချုပ် အစီရင်ခံစာ တွင် အဓိက တွေ့ရှိချက်များကို ထုတ်နုတ်တင်ပြထားပြီး သာယာချမ်းမြေ့ခြင်း ဆိုင်ရာ အယူအဆမူဘောင် နှင့် စစ်တမ်းပြုလုပ်သည့် နည်းလမ်း အသေးစိတ် တို့ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ အနှစ်ချုပ် အစီရင်ခံစာသည် မြို့ကြီးငါးမြို့မှ လူ ၂၄၁၄ ဦးအား မေးခွန်း ၁၃၅ ခု မေးမြန်းထားသော မြို့ပြလူနေမှုစစ်တမ်း ဒေတာစုထဲမှ အကြောင်းအရာ အနည်းငယ်ကိုသာ ကောက်နုတ်စိစစ်၍ တင်ပြနိုင်ခဲ့ပါသည်။

ထို့ကြောင့် အာရှဖောင်ဒေးရှင်းသည် သုတေသနပညာရှင် များကို ဖိတ်ခေါ်၍ ၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်းအပေါ် ထဲထဲဝင်ဝင် ဆန်းစစ်မှုများ ပြုလုပ်ပြီး စစ်တမ်းတွေ့ရှိချက်များနှင့် အခြား အရင်းအမြစ်များမှ အထောက်အထားများကို နှိုင်းယှဉ် စိစစ်လေ့လာမှု ပြုလုပ် စေပါသည်။ ထို့နောက် လေ့လာမှုစာတမ်း သုံးစောင် ပြုစုရာတွင် သုတေသန ပညာရှင်တို့၏ သီးခြား ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုနှင့် အတွေ့ အကြုံများကို အသုံးပြုပြီး အရေးပါသော မြို့ပြပြဿနာရပ် များကို စိစစ်လေ့လာ စေပါသည်။ ဆွေးနွေးမှု စာတမ်း သုံးစောင်လုံး၏ ပုံစံကို တူညီအောင် ပြုလုပ်ထားသော်လည်း စာရေးသူများ၏ ကိုယ်ပိုင်အမြင်နှင့် ရေးဟန်အတိုင်းဖြစ်ရန်လည်း ထိန်းသိမ်းထားပါသည်။

ဆွေးနွေးမှုစာတမ်းများသည် ဂျန်ဒါ၊ ရွှေ့ပြောင်းအခြေချမှုနှင့် လူမှုပဋိညာဉ် စသည့် အကြောင်းအရာသုံးခုကို အဓိက လေ့လာထားပါသည်။ *မြို့ပြသို့ ရွှေ့ပြောင်းအခြေချခြင်း - ရွှေ့လျားအခြေချမှုသဏ္ဌာန်နှင့် အခြေချနေထိုင်သူများ၏ ဘဝသာယာချမ်းမြေ့မှုကို ဆန်းစစ်လေ့လာခြင်း* စာတမ်းတွင် မြို့ပြသို့ ရွှေ့ပြောင်းအခြေချသည့် ပုံစံများ၊ လက်တလော ပြောင်းရွှေ့အခြေချသူ များ၏ စရိုက်လက္ခဏာများ၊ ၎င်းတို့နှင့် မြို့ပြ အုပ်ချုပ်ရေး အတွေ့အကြုံ တို့ကို ဆွေးနွေး ထားပါသည်။ *ပြည်သူ့ဘဏ္ဍာနှင့် မြန်မာ့လူမှုပဋိညာဉ် - မြို့ပြလူနေမှုဘဝစစ်တမ်းဖြင့်ပြန်လည် သုံးသပ်ခြင်း* စာတမ်းသည် မြို့ပြပိုမို ဆန်လာသော မြန်မာ့လူ့ဘောင် အတွင်းရှိ လူမှုပေါင်းစည်းမှု နှင့် အစိုးရ-ပြည်သူ ဆက်ဆံရေး အခြေအနေ များကို ဒေတာများနှင့် သီအိုရီ များက မည်ကဲ့သို့ ဖော်ပြပျက် ရှိသည်ကို လေ့လာသုံးသပ်ထားခြင်း ဖြစ်ပါသည်။ *အချိန်မလုံလောက်ပါ - မြန်မာ့မြို့ပြနေ အမျိုးသမီးများ၏ အတွေ့အကြုံများအား နားလည်သဘောပေါက်ခြင်း* စာတမ်းတွင်မူ မြန်မာ့လူမှု အသိုင်းအဝန်း အတွင် ရှိနေသည့် လူမှုစံနှုန်း များကို စူးစမ်းလေ့လာထားသည်။ စာတမ်းတွင် မြန်မာနိုင်ငံရှိ "သုံးထပ်ကွမ်း ဝန်ထုတ်ဝန်ပိုး" (triple burden) ကြုံတွေ့ရမှု အခြေအနေနှင့် မြို့များရှိ အမျိုးသမီးများ၏ အလုပ်အကိုင် အခွင့်အလမ်းအပေါ် သက်ရောက်မှု များနှင့် စပ်လျဉ်းသည့် ခိုင်မာသော ဒေတာများကို တင်ပြထားပါသည်။

အထက်ပါ စာတမ်းများဖြင့် ထပ်မံ၍ ဆွေးနွေးမှုများ ထွက်ပေါ်လာစေရန် ရည်ရွယ်ပြီး ရိုးရှင်းစွဲ သဘောထား အမြင်များကိုလည်း စိန်ခေါ်နိုင်ရန် ရည်ရွယ်ပါသည်။ စာတမ်းအကြောင်းအရာများနှင့် စပ်လျဉ်း၍ ပြည့်စုံသော ဖော်ပြချက်များဟု မဆိုနိုင်သေးပါ။ စာဖတ်သူများ အနေဖြင့် အာရှဖောင်ဒေးရှင်းနှင့်အတူ ပူပေါင်း၍ စစ်တမ်းတွေ့ရှိချက်များကို အသုံးချပြီး မြန်မာမြို့ပြ ခေါင်းဆောင်များအား သင့်တော်သည့် အကြံဉာဏ်များပေးရန် ဖိတ်ခေါ်ပါသည်။ မြန်မာ့မြို့များကို ပိုမို၍ နေပျော်ဖွယ် ဖြစ်စေရန် အထူးသဖြင့် အမျိုးသမီးနှင့် ရွှေ့ပြောင်းအခြေချသူ များကဲ့သို့ ခွဲခြားခံ အုပ်စုများအား အကူအညီပေးနိုင်ရန် လုပ်ဆောင်နေသူများအတွက် ယခုစာတမ်းများနှင့် ရှေ့ဆက်လုပ်ဆောင်မည့် အစီအစဉ်များဖြင့် တန်ဖိုးရှိသော အချက်အလက် အထောက်အထားများ ပေးစွမ်းနိုင်ရန် ကျွန်ုပ်တို့အနေဖြင့် မျှော်လင့်မိပါသည်။ ယခုစာတမ်းများတွင် ဖော်ပြထားသော အမြင်များမှာ စာရေးသူများ၏ သဘောထားအမြင်သာ ဖြစ်ပြီး အာရှဖောင်ဒေးရှင်း၏ သဘောထား အမြင်များကို ကိုယ်စားပြုခြင်း မရှိပါ။

**Matthew Arnold**
မြန်မာနိုင်ငံဌာနေ ကိုယ်စားလှယ်၊ အာရှဖောင်ဒေးရှင်း
ရန်ကုန်၊ ဇန်နဝါရီ ၂၀၂၀



# မာတိကာ


ဥယျောဇဉ် ၁
အဓိကဝေါဟာရများ ၄
အတိုကောက်ဝေါဟာရများ ၅

## အနှစ်ချုပ် အစီရင်ခံစာ ၆

## နောက်ခံ အကြောင်းအရာ ၇

အဘယ့်ကြောင့် ဤနယ်ပယ်သုံးခုကို လေ့လာရသနည်း ၇

## ဂျန်ဒါသည် မြို့များအတွက် အဘယ်ကြောင့် အရေးပါရသနည်း ၉

## ဂျန်ဒါနှင့် ၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်း ၁၃

သုံးထပ်ကွမ်း ဝန်ထုတ်ဝန်ပိုး (The Triple Burden) ၁၃
ကိုယ်စားပြု ပါဝင်နိုင်မှု နှင့် လွှမ်းမိုးနိုင်မှု (Agency and Influence) ၁၅
အလုပ်အကိုင် ရရှိမှု ၁၈

## နိဂုံး ၂၂

အခန်းဆုံး မှတ်စု ၂၄

# အဓိက ဝေါဟာရများ

**ကိုယ်စားပြု ပါဝင်နိုင်မှုနှင့် လွှမ်းမိုးနိုင်မှု (Agency and Influence)**

အမျိုးသမီးများ ပြည်သူ့ရေးရာ ဖြစ်စဉ်များတွင် ထိထိရောက်ရောက် ပါဝင်နိုင်မှုနှင့် အကျိုးရလဒ်အပေါ် လွှမ်းမိုးနိုင်မှု၊ ဆုံးဖြတ်ချက် ချမှတ်သူများနှင့် ထိတွေ့ဆက်ဆံနိုင်မှု၊ ရပ်တည်မှုကို ဖော်ပြနိုင်မှုနှင့် အခွင့်အလမ်းများကို လက်လှမ်းမီနိုင်မှုများကို ဆိုလိုပါသည်။ ကိုယ်စားပြုပါဝင်နိုင်မှုနှင့် လွှမ်းမိုးနိုင်မှု (Agency and Influence) ဆိုသည်မှာ အမျိုးသမီးပါဝင်မှု ကိန်းဂဏန်း အရေအတွက်မျှသာ မဟုတ်ပဲ "အဓိပ္ပာယ်ရှိစွာ ပါဝင်မှု" ဟုလည်း ရည်ညွှန်းကြပါသည်။

**စည်ပင်သာယာရေး အဖွဲ့အစည်းများ (DAOs)**

မြန်မာနိုင်ငံရှိ မြူနီစီပယ်ဆိုင်ရာ အာဏာပိုင်များ ဖြစ်သည်။ စည်ပင်သာယာရေး အဖွဲ့အစည်းများ (DAOs) သည် အခွန်နှင့် အခ များကောက်ခံခြင်း၊ လုပ်ငန်းလိုင်စင်ပေးခြင်းနှင့် လမ်း၊ ရေနှင့် အမှိုက်သိမ်းခြင်းကဲ့သို့ မြို့ပြဝန်ဆောင်မှု ပေးခြင်းများအတွက် တာဝန်ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးဆုံး သုံးမြို့ (ရန်ကုန်၊ မန္တလေး နှင့် နေပြည်တော်) တွင် ၎င်းတို့ကို မြို့တော်စည်ပင်သာယာရေး ကော်မတီများ (YCDC, MCDC နှင့် NCDC) ဟု ရည်ညွှန်းခေါ်ဆိုပါသည်။

**ဂျန်ဒါ**

လူမှုအသိုင်းအဝန်းက အမျိုးသမီး၊ အမျိုးသား၊ ယောက်ျားလေးနှင့် မိန်းကလေးတို့အတွက် ဆီလျော်သည်၊ လက်ခံနိုင်ဖွယ်ရှိသည်နှင့် တန်ဖိုးရှိသည်ဟု သတ်မှတ်ထားပြီး နိုင်ငံရေးနှင့် လူမှုရေးအရ တည်ဆောက်ထားသည့် အခန်းကဏ္ဍ၊ အမူအကျင့်နှင့် အရည်အချင်းများကို ဆိုလိုပါသည်။ ဂျန်ဒါဆိုသည်မှာ အမျိုးသမီး၊ အမျိုးသား၊ ယောက်ျားလေးနှင့် မိန်းကလေးတို့၏ လူမှုဘဝ၊ အခွင့်အလမ်း၊ ရပိုင်ခွင့်၊ ဆက်ဆံရေးနှင့် အရင်းအမြစ်များအား လက်လှမ်းမီနိုင်မှုတို့ကို ပုံသွင်းနိုင်စွမ်းရှိသည့် ရှုပ်ထွေးသော စနစ်တစ်ခု ဖြစ်ပါသည်။[၁] ဖိုနှင့်မ ဖြစ်မှုနှင့် ဂျန်ဒါ မတူညီမှု များအပေါ် နားလည်လက်ခံမှုမှာ တကမ္ဘာလုံး အတိုင်းအတာအားဖြင့် တူညီမှုမရှိဘဲ ယဉ်ကျေးမှုဓလေ့ ဆန်ကာ တိုင်းရင်းသားဖြစ်မှု၊ ဘာသာတရား၊ အသက်အရွယ်နှင့် အဆင့်အတန်း စသည့် အကြောင်းရင်းများမှလည်း များစွာလွှမ်းမိုးပုံဖော်ပါသည်။[၂]

**ဂျန်ဒါ တန်းတူညီမျှမှု**

အမျိုးသမီး၊ အမျိုးသား၊ ယောက်ျားလေးနှင့် မိန်းကလေးတို့အား ၎င်းတို့၏ လိုအပ်ချက်များနှင့်အညီ တရားမျှတစွာ ဆက်ဆံခြင်း ဖြစ်သည်။ ယင်းတွင် ရပိုင်ခွင့်၊ အကျိုးအမြတ်၊ ဝတ္တရားနှင့် အခွင့်အလမ်းဆိုင်ရာ မျှတမှုအပေါ် အခြေခံသည့် ဆက်ဆံမှု အမျိုးမျိုးလည်း ပါဝင်ပါသည်။[၃]

**သုံးထပ်ကွမ်း ဝန်ထုတ်ဝန်ပိုး**

လူမှုအဖွဲ့အစည်းတွင်းရှိ အမျိုးသမီးများ၏ အခန်းကဏ္ဍ သုံးခုမှ လုပ်ငန်း အမျိုးအစား သုံးမျိုး ခွဲထုတ်နိုင်ပါသည်။ ၎င်းတို့မှာ မျိုးဆက်ပွားခြင်းဆိုင်ရာ လုပ်ငန်း (ကလေး စောင့်ရှောက်ခြင်းနှင့် ပျိုးထောင်ခြင်း၊ သက်ကြီးရွယ်အိုနှင့် နာမကျန်းသူများကို ပြုစုခြင်းကဲ့သို့ အိမ်ထောင်မှုလုပ်ငန်း၊ နှင့် ချက်ပြုတ်ခြင်း၊ သန့်ရှင်းခြင်း၊ ဈေးဝယ်ခြင်း၊ ရေခပ်ခြင်းကဲ့သို့ အိမ်မှုကိစ္စ လုပ်ငန်းများ၊ ကျန်းမာရေးနှင့် စပ်ဆိုင်သည့် ကိစ္စများ)၊ ထုတ်လုပ်ခြင်း လုပ်ငန်း (အချိန်ပြည့် အလုပ်၊ အလွတ်တန်း ကဏ္ဍ အလုပ် နှင့် ကိုယ်ပိုင်လုပ်ငန်း တို့ အပါအဝင် ဝင်ငွေရရှိရန် နှင့် နေ့စဉ် သက်မွေးဝမ်းကျောင်းမှုအတွက် လုပ်ကိုင်သည် အလုပ်များ)၊ နှင့် လူမှုအသိုင်းအဝိုင်း ဆိုင်ရာ လုပ်ငန်း (ရပ်ရွာ အသိုင်းအဝန်းအတွက် လုပ်ဆောင်ပေးရသော ပရိဟိတ နှင့် စေတနာ့ လုပ်ငန်းများ) တို့ဖြစ်ပါသည်။ သုံးထပ်ကွမ်း ဝန်ထုတ်ဝန်ပိုးသည် အမျိုးသမီးများ စီးပွားရေးဆိုင်ရာ အစွမ်းအစ ရှိရေးအတွက် အတားအဆီး တစ်ခုအဖြစ် မှတ်ယူခြင်း ခံရပါသည်။

**လူငယ်**

မြန်မာနိုင်ငံ၏ လူငယ်မူဝါဒ အရ အသက် ၁၈ မှ ၃၅ အကြား လူများကို ဆိုလိုပါသည်။

# အတိုကောက် ဝေါဟာရများ

| | |
|---|---|
| **ANOVA** | Analysis of Variance<br>[ကောက်ယူထားသောဒေတာကိုဆန်းစစ်သည့် စာရင်းအင်းပညာဆိုင်ရာသီအိုရီတစ်ခုဖြစ်သည်။] |
| **CEDAW** | Convention on the Elimination of Discrimination Against Women<br>အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး သဘောတူစာချုပ် |
| **CLS** | City Life Survey<br>မြို့ပြလူနေမှုဘဝ စစ်တမ်း |
| **CDC** | City Development Committee<br>မြို့တော် စည်ပင်သာယာရေး ကော်မတီ |
| **DAO** | Development Affairs Organization<br>စည်ပင်သာယာရေး အဖွဲ့ |
| **GBV** | Gender-based violence<br>ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှု |
| **GEN** | Gender Equality Network<br>ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက် |
| **MCDC** | Mandalay City Development Committee<br>မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ |
| **MP** | Member of Parliament<br>လွှတ်တော်ကိုယ်စားလှယ် |
| **SDG** | Sustainable Development Goal<br>စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် |
| **YCDC** | Yangon City Development Committee<br>ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ |

# အနှစ်ချုပ် အစီရင်ခံစာ

မြန်မာနိုင်ငံသည် စီးပွားရေး နှင့် လူမှုရေးဆိုင်ရာ အပြောင်းအလဲ များစွာကို ရင်ဆိုင်ဖြတ်သန်း နေရပါသည်။ မကြာသေးခင်က စတင်ခဲ့သော ဒီမိုကရေစီစနစ် ဖော်ဆောင်မှုဖြစ်စဉ်နှင့် လျင်မြန်စွာ မြို့ပြ ဖြစ်ထွန်းလာခြင်းတို့ကြောင့် ထုံးတမ်းဓလေ့နှင့် သဘောထား အယူအဆများအပေါ် အသစ်သော စိန်ခေါ်မှုများနှင့် လက်တွေ့အယူအဆများ ထွက်ပေါ်လာစေပါသည်။ အပြောင်းအလဲများ မည်သို့ပင် ဖြစ်ပေါ်နေသော်လည်း ဂျန်ဒါ မညီမျှမှုများမှာ ဆက်လက်ရှိနေဆဲဖြစ်သည်။ အမျိုးသမီးများ၏ တာဝန်နှင့် ၎င်းတို့အပေါ် လူမှုအသိုင်းအဝန်းက ထားရှိသည့် မျှော်မှန်းချက်များကို ထည့်သွင်း တွက်ချက်ထားခြင်းမရှိဘဲ မြို့ပြဖြစ်ထွန်းမှု လျင်မြန်စွာ ဖြစ်ပေါ်လာခြင်းကြောင့် အချို့သော မညီမျှမှုဖြစ်ရပ်များကို ပိုမိုဆိုးရွားသွားစေသည်။ လူမှုအသိုင်းအဝန်းနှင့် နိုင်ငံရေး နယ်ပယ်များတွင် အမျိုးသမီးများ ပါဝင် ကိုယ်စားပြုနိုင်ခွင့်မှာလည်း အကန့်အသတ်ဖြင့်သာ ရှိနေသေးသည်။

## အမျိုးသမီးများသည် ဘဏ္ဍာရေး လွတ်လပ်မှု ပိုမိုရရှိလာသလို အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း လက်လှမ်းမီ လာကြပါသည်။ ထို့နည်းတူ မညီမျှသော စနစ်ကြောင့် စိန်ခေါ်မှုများလည်း ကြုံတွေ့လာပါတော့သည်။

မြန်မာနိုင်ငံရှိ ထုံးတမ်းစဉ်လာ ဂျန်ဒါအခန်းကဏ္ဍ ခံယူချက်များအရ အမျိုးသမီးများကို အိမ်တွင်းမှု နယ်ပယ်တွင်သာ နေရာ ပေးထားပါသည်။ လူမှုအသိုင်းအဝန်းက 'အရေးကြီးသည်' ဟု ခံယူထားသည့် ဆုံးဖြတ်ချက်များမှာ အမျိုးသားများနှင့်သာ သင့်တော်သည်ဟု ယူဆနေကြသည်။ နိုင်ငံ၏ လျင်မြန်သော အပြောင်းအလဲများနှင့် နိုင်ငံပြင်ပမှ ယဉ်ကျေးမှုနှင့် သဘောထားအမြင်များဖြင့် ထိတွေ့ဆက်ဆံရခြင်းတို့ကြောင့် ယင်းကဲ့သို့ ရှိရင်းစွဲ ဂျန်ဒါအမြင်များမှာ မေးခွန်းထုတ်ခြင်းများ ခံရလာပါသည်။ အမျိုးသမီးများသည် ဘဏ္ဍာရေး လွတ်လပ်မှု ပိုမိုရရှိလာသလို အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း လက်လှမ်းမီလာကြပါသည်။ ထို့နည်းတူ မညီမျှသော စနစ်ကြောင့် စိန်ခေါ်မှုများလည်း ကြုံတွေ့လာပါတော့သည်။

ယခု ဆွေးနွေးမှု စာတမ်းသည် ဂျန်ဒါရှုထောင့်မှနေ၍ ၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်းဒေတာများကို ခွဲခြမ်းစိတ်ဖြာလေ့လာမည် ဖြစ်ပြီး **သုံးထပ်ကွမ်းဝန်ထုတ်ဝန်ပိုး (triple burden)၊ ကိုယ်စားပြု ပါဝင်နိုင်မှုနှင့် လွှမ်းမိုးနိုင်မှု (agency and influence) နှင့် အလုပ်အကိုင်ရရှိမှု** စသည့် ခေါင်းစဉ်သုံးခုကို အဓိကထားလေ့လာမည် ဖြစ်သည်။ ၂၀၁၈ မြို့ပြ လူနေမှုဘဝစစ်တမ်း ဒေတာများက မြန်မာနိုင်ငံရှိ ဂျန်ဒါပြဿနာဆိုင်ရာ အခြားသုတေသနများအား မည်ကဲ့သို့ ဖြည့်စွက် (သို့မဟုတ်) စိန်ခေါ်နိုင်မည်ကို ယခုစာတမ်းမှ စိစစ်လေ့လာသွားမည်ဖြစ်သည်။ 'Triple burden' ကြောင့် ဂျန်ဒါညီမျှမှု နှင့် လူမှုအသိုင်းအဝန်းတွင် ပါဝင်ရန် အကန့်အသတ်ရှိရခြင်းကိုလည်းကောင်း၊ မြို့အခြေခံ အဆောက်အအုံဆိုင်ရာများကို ဖြည့်ဆည်းခြင်းဖြင့် အတားအဆီးများကို ဖြေရှင်းနိုင်မည့် ဥပမာများအားလည်းကောင်း အဓိကထား၍ တင်ပြသွားမည် ဖြစ်သည်။

### ၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်း



ရန်ကုန်　　မန္တလေး　　မော်လမြိုင်　　မုံရွာ　　တောင်ကြီး

# နောက်ခံ အကြောင်းအရာ

မြန်မာ့လူဦးရေ ၅၁.၄၈ သန်းအနက် ခန့်မှန်းခြေ ၁၅ သန်း (သို့မဟုတ်) လူ ၁၀ ဦးလျှင် ၃ ဦး သည် မြို့များတွင် နေထိုင်ပါသည်။[၄] လက်ရှိခန့်မှန်းမှု များအရ ၂၀၄၀ ခုနှစ်အရောက်တွင် မြန်မာ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းသည် မြို့ပြနေထိုင်သူများ ဖြစ်လာပါမည်။[၅] ပြည်သူများ၏ မြို့ပြဘဝ အတွေ့အကြုံ များမှာ တစ်ထပ်တည်းကျ နေသည်တော့ မဟုတ်ပါ။ ဂျန်ဒါ၊ အသက်၊ တိုင်းရင်းသားနှင့် ဘာသာရေး ကဲ့သို့ ကိုယ်ပိုင်အမှတ် လက္ခဏာများက နေ့စဉ် အိမ်မှုအလုပ်၊ ခရီးသွားလာခြင်းနှင့် လုံခြုံမှုရှိမရှိ ခံစားရခြင်း စသည်တို့မှ မြို့တော် အစိုးရအရာရှိများဖြင့် ထိတွေ့ဆက်ဆံရခြင်းအထိ ပါဝင်သော တစ်ဦးတစ်ယောက်စီ တိုင်း၏ မြို့ပြဆိုင်ရာ အတွေ့အကြုံများကို လွှမ်းမိုး ပုံဖော်နေပါသည်။ မြို့များတွင် မတူညီသည့် လူမှုအသိုင်းအဝန်းများ တော့တော့ဆိုင်ဆိုင် ထိတွေ့နေထိုင်ရသောကြောင့် လွှမ်းမိုးနေသော အကြောင်းအရာများ၊ အမြင်များနှင့် ယုံကြည်မှုများကို စိန်ခေါ်နိုင် လာကြသည်။ မြို့များသည် ဂျန်ဒါညီမျှမှုရှိခြင်းနှင့် ညီမျှမှုမရှိခြင်းဆိုင်ရာ စံနှုန်းများ ပြောင်းလဲနေခြင်း (သို့မဟုတ်) မပြောင်းမလဲ ယခင်အတိုင်း ရှိခြင်းကို နားလည်သဘောပေါက်နိုင်မည့် ပြတင်းပေါက်များ ဖြစ်သည်။

ယခု ဆွေးနွေးမှုစာတမ်း၏ ရည်ရွယ်ချက်မှာ မြို့များရှိ အမျိုးသားနှင့် အမျိုးသမီးတို့၏ မတူညီသော အတွေ့အကြုံများနှင့် အမြင်များကို နားလည်သဘောပေါက်ရန်နှင့် ထုတ်ဖော်တင်ပြရန် ဖြစ်သည်။ ထိုသို့ လုပ်ဆောင်နိုင်ရန် 'ဂျန်ဒါ ရှုထောင့်' ကို အသုံးပြု၍ ဒေတာများကို စိစစ်လေ့လာ ထားပါသည်။ ဂျန်ဒါရှုထောင့်ကို အသုံးပြုခြင်း ဆိုသည်မှာ ရပိုင်ခွင့်၊ ဆုံးဖြတ်ချက်ချမှတ်မှုနှင့် အရင်းအမြစ်များကို လက်လှမ်းမီခြင်း တို့နှင့် စပ်လျဉ်းပြီး အမျိုးသမီး နှင့် အမျိုးသားတို့ ကြုံတွေ့ရသည့် အခွင့်အလမ်းနှင့် အတားအဆီးများ အပါအဝင် အမျိုးသမီးနှင့် အမျိုးသားများအကြား ရှုပ်ထွေးသော ဆက်စပ်မှုကို ဆန်းစစ်လေ့လာခြင်း ဖြစ်သည်။[၆] ၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်းဒေတာကို ဂျန်ဒါအရ ခွဲခြားခြင်း အားဖြင့် ယခုစာတမ်းသည် စစ်တမ်းဒေတာများမှ ဖော်ပြနေသော မြန်မာမြို့များရှိ ဂျန်ဒါညီမျှမှု အခြေအနေ နှင့် အတားအဆီးရှိနေမှုတို့ကို နားလည်နိုင်အောင် လေ့လာဆန်းစစ်ထားပါသည်။

မြို့များအတွက် ဘာကြောင့် ဂျန်ဒါ အကြောင်းအရာ အရေးကြီးသည်ကို တင်ပြခြင်း အားဖြင့် ဆွေးနွေးမှု စာတမ်းကို စတင်ထားပါသည်။ ထို့နောက် 'သုံးထပ်ကွမ်း ဝန်ထုတ်ဝန်ပိုး' (triple burden)၊ ကိုယ်စားပြု ပါဝင်နိုင်မှု နှင့် လွှမ်းမိုးနိုင်မှု (agency and influence) နှင့် အလုပ်အကိုင် ရရှိမှု စသည့် ခေါင်းစဉ်သုံးခုဖြင့် ၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်း ဒေတာ များကို ဆန်းစစ်လေ့လာ ထားသည်။ ဆန်းစစ်လေ့လာရာ၌ ၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်းဒေတာသည် မြန်မာနိုင်ငံရှိ ဂျန်ဒါ ပြဿနာရပ်များနှင့် စပ်လျဉ်းသည့် ရှိပြီးသား သုတေသနနှင့် ဆန်းစစ်လေ့လာမှု တို့အား ဖြည့်စွက်နိုင်မှု သို့မဟုတ် စိန်ခေါ်နိုင်မှု ရှိမရှိကို အဓိကထားပါသည်။ ယခု ဆွေးနွေးမှုစာတမ်း၏ အဆုံးတွင် စစ်တမ်း အဓိကတွေ့ရှိချက် များကို ပြန်လည် သုံးသပ် ထားပါသည်။ အမျိုးသမီးနှင့် အမျိုးသားတို့၏ အတွေ့အကြုံများနှင့် မတူညီသော မြို့ပြ အမြင်အမျိုးမျိုးကို နားလည်သဘောပေါက်ရန် ဂျန်ဒါအရ ခွဲခြားထားသည့် ဒေတာများအား မည်ကဲ့သို့ အသုံးပြုနိုင်သည်ကို ယခုစာတမ်းမှ ဉပမာအဖြစ် ဖော်ပြထားပါသည်။




## အဘယ်ကြောင့် ဤနယ်ပယ် သုံးခုကို လေ့လာရသနည်း

ယခု ဆွေးနွေးမှု စာတမ်းသည် ၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်းပါ ဒေတာအားလုံးကို ခြုံငုံနိုင်သည့် တစ်ခုတည်းသော ဂျန်ဒါစိစစ်လေ့လာမှုအဖြစ် ရည်ရွယ်ခြင်း မဟုတ်ပါ။ ထို့ထက် ဂျန်ဒါတန်းတူညီမျှမှု နယ်ပယ်သုံးခု ဖြစ်သော သုံးထပ်ကွမ်း ဝန်ထုတ်ဝန်ပိုး (triple burden)၊ ကိုယ်စားပြု ပါဝင်နိုင်မှုနှင့် လွှမ်းမိုးနိုင်မှု (agency and influence)၊ နှင့် အလုပ်အကိုင်ရရှိမှု အကြောင်းအရာများအား ၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်းဒေတာမှ မည်ကဲ့သို့ ဖော်ပြလျှက် ရှိသည်ကို အဓိကထား လေ့လာမည် ဖြစ်သည်။


သုံးထပ်ကွမ်း ဝန်ထုတ်ဝန်ပိုး (triple burden) သည် အများပြည်သူဆိုင်ရာ ဆုံးဖြတ်ချက်ချမှု ဖြစ်စဉ်တွင် အမျိုးသမီးများ အဓိပ္ပာယ်ရှိစွာ ပါဝင်နိုင်ခြင်းနှင့် လွှမ်းမိုးနိုင်ခြင်း မရှိရစေရန် အချိန်နှင့် နေရာအရ ကန့်သတ်ထားသကဲ့သို့ ဖြစ်စေသည်။ ထို့ကြောင့် ဂျန်ဒါညီမျှမှုအတွက် အတားအဆီးတစ်ခုအဖြစ်

## ရှင်းလင်းချက် ၁
## မြို့ပြလူနေမှုဘဝ စစ်တမ်းဆိုသည်မှာ

၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်းသည် မြန်မာနိုင်ငံရှိ မြို့ငါးမြို့ ဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ မုံရွာနှင့် တောင်ကြီးတို့မှ မြို့ပြနေထိုင်သူတို့၏ ဘဝသာယာချမ်းမြေ့မှုကို နားလည်သဘောပေါက်နိုင်ရန် ကြိုးပမ်းမှုတစ်ခုဖြစ်သည်။ မြို့ပြလူနေမှုဘဝ စစ်တမ်းတွင် အဓိကရည်ရွယ်ချက် သုံးခုမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ အထောက်အထား အခြေပြုဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် မူဝါဒချမှတ်သူများကို သတင်းအချက်အလက်များပေးခြင်း
၂။ ရပ်ရွာဦးစားပေးမှုများကို နားလည်သဘောပေါက်စေရန် မူဝါဒချမှတ်သူများအား ပံ့ပိုးပေးခြင်း
၃။ မြို့များအကြား အပြန်အလှန် သင်ယူခြင်း အလေ့အထနှင့် အပေါင်းလက္ခဏာဆောင်သော နှိုင်းယှဉ်ခြင်းများ ပေါ်ထွက်စေရန် ပံ့ပိုးပေးခြင်း

စစ်တမ်းတွင် မြို့ပြလူနေမှုဘဝ ကဏ္ဍစုံကို လွှမ်းခြုံနိုင်မည့် မေးခွန်း ၁၃၅ ခု ပါဝင်ပါသည်။ အကြမ်းဖျင်းအားဖြင့် မေးခွန်း များကို စီးပွားရေးဆိုင်ရာ၊ ရပ်ပိုင်းဆိုင်ရာနှင့် လူမှုဆက်ဆံရေးဆိုင်ရာဟူ၍ အမျိုးအစားသုံးမျိုး ခွဲခြားနိုင်ပါသည်။ ဘဝသာယာချမ်းမြေ့မှုနှင့် စပ်လျဉ်းသော သို့မဟုတ် မြူနီစီပယ် အာဏာပိုင်များ၏ လိုအပ်ချက်နှင့် စပ်လျဉ်းသော မေးခွန်းများကို ရွေးချယ်ထည့်သွင်း ထားပါသည်။ စစ်တမ်းကို ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်းနှင့် တွဲဘက်၍ ၂၀၁၈ တွင် အကောင်အထည်ဖော်ခဲ့ပြီး ပုံမှန် ၂ နှစ် တစ်ကြိမ် ထပ်မံကောက်ယူရန် မျှော်မှန်းထားပါသည်။ တစ်ပြိုင်နက်တည်းမှာပင် မြို့တော်အဆင့် ရှင်းလင်းတင်ပြခြင်းများ၊ သတင်းအချက် အလက် ပေါ်တယ်လ်၊ အချက်အလက် သုံးသပ်စိစစ်ခြင်း ဆိုင်ရာ သင်တန်းနှင့် အလုပ်ရုံ ဆွေးနွေးပွဲများနှင့် ယခုစာတမ်းကဲ့သို့ မူဝါဒရေးရာ ဆွေးနွေးမှု စာတမ်းများ စသည့် အစီအစဉ်များကိုလည်း အကောင်အထည် ဖော်သွားမည်ဖြစ်သည်။ မူဝါဒ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ နည်းလမ်းတစ်ခုအဖြစ် "အပေါင်းလက္ခဏာ ဆောင်သော လမ်းလွဲမှု" (positive deviance) ကို အသုံးပြုခြင်းမှာ မြို့ပြလူနေမှုဘဝ စစ်တမ်း၏ သဘောတရား ရေးရာ သီအိုရီအတွက် အဓိက အစိတ်အပိုင်း တစ်ခုလည်း ဖြစ်သည်။ 'Positive deviance' ပုံစံ အားဖြင့် နေရာတစ်ခုသည် အခြားနေရာတစ်ခုထက် အဘယ်ကြောင့် အောင်မြင်မှု ရရှိသည်ကို ဖော်ထုတ်ကာ ယင်းဗျူဟာ သို့မဟုတ် ဖြေရှင်းချက်များအား အခြားတစ်နေရာ၌ ပြန်လည် အသုံးချနိုင်ခြင်း ရှိမရှိ လေ့လာပါသည်။ မြို့များကို စိတ်ကူးဉာဏ် အလုပ်ရုံများဟု ယူဆပြီး ၎င်းတို့၏ မတူကွဲပြားသည့် အလေ့အထများ၏ ထိရောက်မှုကို နှိုင်းယှဉ်ခြင်း၊ အောင်မြင်မှုနှင့် ကျရှုံးမှုများထံမှ သင်ယူခြင်းတို့ကို လုပ်ဆောင်ပါသည်။ ရလဒ်အနေဖြင့် သင်ခန်းစာများကို မြို့အားလုံး၌ ဘဝသာယာ ချမ်းမြေ့မှု အခြေအနေ ပိုမို တိုးတက်စေရန် အသုံးချပါသည်။




မြို့ပြလူနေမှုဘဝ စစ်တမ်းတွင် ကျပန်း နမူနာ ရွေးချယ်မှု အဆင့် (၃) ဆင့် ကို အသုံးပြုပြီး လေ့ကျင့် သင်ကြားထားသည့် မေးခွန်းမေးမြန်းသူများက တက်ဘလက် အသုံးပြု၍ အဖြေများ စုဆောင်းပါသည်။ စုစုပေါင်း မြို့ငါးမြို့၊ ၂၇ မြို့နယ် နှင့် ရပ်ကွက်ပေါင်း ၂၂၈ ခု တွင် မေးမြန်းခဲ့ပြီး အသက် ၁၈ နှစ်ပြည့်ပြီးသည့် မြို့ပြနေထိုင်သူပေါင်း ၂၄၁၄ ဦးမှ ပါဝင် ခဲ့ပါသည်။ ဘာသာတရား ၄ မျိုး နှင့် တိုင်းရင်းသား အုပ်စု ၄၈ စု၏ ကိုယ်စားပြုမှု ပါဝင်ပါသည်။ သုတေသန နည်းလမ်း အပြည့် အစုံကို လေ့လာလိုပါက '၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်း' တွင် ဖတ်ရှုလေ့လာနိုင်ပါသည်။

လူဦးရေပါဝင်မှု အချိုးအမှန်ကို ရရှိရန် ယခုဆွေးနွေးမှုစာတမ်းတွင် တင်ပြထားသည့် ဒေတာပွိုင့်များအား မြို့နှင့် ဂျန်ဒါအလိုက် ချိန်ညှိထား ပါသည်။ အမျိုးသမီးနှင့် အမျိုးသား အကြားခြားနားသော ပွိုင့်အချက် အလက်များသည် လူဦးရေကို ကိုယ်စားပြုနိုင်သည့် မျှခြေ အရေအတွက်၏ ၉၅ ရာခိုင်နှုန်း (confidence interval of 95 percent) ကို ပြည့်မီပြီး ဖြစ်သည်။[၇] ပိုင်းခြေ၏ ခြားနားချက်အပေါ် 'two-proportion t-tests' ခေါ် ထင်မြင်ချက်၏ မှားယွင်းနိုင်ခြေကို ဆန်းစစ်နိုင်သည့် စာရင်းအင်းဆိုင်ရာ သီအိုရီကို အသုံးပြုထားသည်။ ပျမ်းမျှ၏ ခြားနားချက် ကိုလည်း 'one-way ANOVA test' ခေါ် ခြားနားချက်၏ သိသာထင်ရှားမှုကို ဖော်ထုတ်နိုင်သည့် စာရင်းအင်းဆိုင်ရာ သီအိုရီကို အသုံးပြုထားသည်။ ဒေတာဆန်းစစ်မှု အားလုံးကို 'R' ခေါ် ဒေတာဆန်းစစ်ခြင်းပြုလုပ်နိုင်သည့် ကွန်ပျူတာ ဆော့ဖ်ဝဲကို အသုံးပြုထားသည်။

ကမ္ဘာတစ်ဝန်းလုံးက ယူဆကြပါသည်။ ထို့ပြင် သုံးထပ်ကွမ်း ဝန်ထုတ်ဝန်ပိုး (triple burden) ၏ အဓိက အစိတ်အပိုင်းဖြစ်သည့် နေ့စဉ်လုပ်အား အသုံးပြုရသည့် အမျိုးသမီးများ အိမ်လုပ်ငန်း လုပ်ကိုင်ရခြင်းကို တန်ဖိုးထားမှု နည်းပါးနေပြီး အိမ်အလုပ် အား စီးပွားရေးအရ အရေးကြီးသည်ဟု မမြင်ခြင်းက အမျိုးသမီးများသည် အမျိုးသားများနှင့် ယှဉ်ပါက လူ့အသိုင်းအဝိုင်းတွင် တစ်ဆင့်နိမ့်စေရန် တွန်းအားပေး သကဲ့သို့ ဖြစ်နေသည်။ ကိုယ်စားပြု ပါဝင်နိုင်မှု နှင့် လွှမ်းမိုးနိုင်မှု (Agency and influence) ဆိုသည်မှာ ပြည်သူ့ရေးရာ လုပ်ငန်းများနှင့် အကျိုးရလဒ်များ ရရှိစေရန် လုပ်ဆောင်ရာတွင် အမျိုးသမီးများ၏ လွှမ်းမိုးနိုင်မှုနှင့် ပါဝင်နိုင်မှု၊ ဆုံးဖြတ်ချက် ချမှတ်သူများဖြင့် ထိတွေ့ဆက်ဆံနိုင်မှု၊ မိမိတို့၏ တည်ရှိမှုကို ထုတ်ဖော်နိုင်မှု နှင့် အခွင့်အလမ်း များအား လက်လှမ်းမီနိုင်မှု စသည်တို့ကို ရည်ညွှန်းပါသည်။ ယင်းကဲ့သို့ ပါဝင်လွှမ်းမိုးနိုင်ခွင့်သည် ဂျန်ဒါ ညီမျှမှုအတွက် အရေးကြီးပါသည်။ အမျိုးသမီးများ ပါဝင်နိုင်ခွင့် မရှိခြင်း သို့မဟုတ် ပါဝင်သည်ဟု ဆိုနိုင်ရုံမျှသာ ခွင့်ပြုခြင်း အလေ့အထ တို့ကို ခိုင်မာစွာ စံနှုန်းပြုထားသောကြောင့် အမျိုးသမီးများသည် အမျိုးမျိုးသော အများပြည်သူဆိုင်ရာ လုပ်ငန်းများမှ ဖယ်ထုတ်ခြင်း ခံနေရကာ အမျိုးသားများသာ ဆုံးဖြတ်ချက် ချမှတ်သူများ ဖြစ်နေသည်။ အမျိုးသမီးများ၏ စီးပွားရေးကဏ္ဍတွင် ပါဝင်နိုင်စွမ်းသည် အိမ်အလုပ် ဝန်ထုပ်ဝန်ပိုးကြောင့် အကန့်အသတ် ရှိနေကာ လုပ်သားအင်အားစုတွင် အမျိုးသမီး အရေအတွက်သည် အမျိုးသားများထက် လျော့နည်းလျက် ရှိပါသည်။ ထို့အပြင် မိမိကိုယ်တိုင် ဝင်ငွေရှာဖွေနိုင်သည့် အိမ်ထောင်စုမှာပင် အမျိုးသမီး များသည် ငွေကြေး အရင်းအမြစ်များအပေါ် အပြည့်အဝ ထိန်းချုပ်နိုင်မှု သို့မဟုတ် ကိုယ်ပိုင် ဆုံးဖြတ်နိုင်ခြင်း မရှိကြချေ။


# ဂျန်ဒါသည် မြို့များအတွက် အဘယ်ကြောင့် အရေးပါရသနည်း

လုံခြုံမှုရှိပြီး အားလုံးပါဝင်နိုင်သည့် မြို့များ တည်ဆောက်ရာတွင် အမျိုးသမီးများနှင့် မိန်းကလေးများ၏ လိုအပ်ချက်များ၊ ရပိုင်ခွင့်များ၊ နေ့စဉ်ဘဝ အမှန်တကယ် ဖြတ်သန်းရမှုများနှင့် သဘောထားအမြင်များကို ထည့်သွင်းစဉ်းစားရန် မဖြစ်မနေ လိုအပ်ပါသည်။ ရေရှည်တည်တံ့၍ အားလုံးပါဝင်နိုင်သည့် ဖွံ့ဖြိုးမှုအတွက် ဂျန်ဒါ ညီမျှမှုနှင့် အမျိုးသမီး/မိန်းကလေးများ၏ အခွင့်အရေး ပိုမိုကောင်းမွန်စေရန် လုပ်ဆောင်ခြင်းက လွန်စွာ အရေးကြီးကြောင်း နိုင်ငံတကာ အထောက်အထားများက သက်သေခံလျက် ရှိနေပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့ အသွင်းကူးပြောင်းမှု ဖော်ဆောင်နေသည့် နိုင်ငံများအတွက် အမျိုးသမီးများ၏ ပါဝင်နိုင်မှုသည် အရေးကြီး ပါသည်။ ငြိမ်းချမ်းရေး သဘောတူညီချက် ရေရှည်တည်မြဲခြင်းနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းတွင် အမျိုးသမီးများ ပါဝင်ခြင်းတို့အကြား အပြန်အလှန် ဆက်စပ်မှု ရှိကြောင်း အထောက်အထားများက ညွှန်ပြလျက် ရှိသည်။[၈] ယင်းအထောက်အထား များက ပြည်သူ့အရေး ဆုံးဖြတ်ချက်များတွင် အမျိုးသမီးများ ပါဝင်မှုနှင့် ဂျန်ဒါ အလေးထားမှုရှိသော မူဝါဒနှင့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းခြင်း တို့အကြား ဆက်စပ်မှုကို ညွှန်းဆိုသည့် အခြား အထောက်အထားများကို ထပ်မံ၍ ဖြည့်စွက်ပေး နေပါသည်။[၉] ဆိုလိုရင်းမှာ အမျိုးသမီးများ နိုင်ငံရေးနှင့် ပြည်သူ့အရေး ဆုံးဖြတ်ချက် ချမှတ်ခြင်း တွင် ပိုမို ပါဝင်နိုင်ပါက ဂျန်ဒါ အလေးထားမှု ရှိသော မူဝါဒများ ထွက်ရှိလာပြီး ဥပဒေဆိုင်ရာ အပြောင်းအလဲများ ပိုမို၍ ဖော်ဆောင်နိုင်မည် ဖြစ်သည်။[၁၀] အားလုံးပါဝင်နိုင်မှု ရှိပြီး တုံ့ပြန်ဖြည့်ဆည်းနိုင်သည့် မြို့ပြ အုပ်ချုပ်စီမံရေး အကြောင်းအရာ အတွက် အမျိုးသမီးများက ပိုမို၍ အလေးထားစဉ်းစားမှု ရှိသည်ကို တွေ့ရပါသည်။

လူထုရေးရာ ဆုံးဖြတ်ချက် ချမှတ်ခြင်းများတွင် အမျိုးသမီးများ လွှမ်းမိုးနိုင်မှု အထောက်အထားများ အပေါ် အခြေခံ၍ သုံးသပ်ပါက အများပြည်သူ ဆိုင်ရာ ရုံးများ၌ အမျိုးသမီးများပါဝင်မှု အရေအတွက်ကိုသာ ကြည့်၍ ဂျန်ဒါညီမျှမှု ရှိသည်ဟု ကောက်ချက်ချနိုင်မည် မဟုတ်ပါ။ အမျိုးသမီးများ အများပြည်သူဘဝဖြင့် ထိတွေ့ချိတ်ဆက်နိုင်မည့် အခွင့်အလမ်း ရရှိစေရန် များစွာလုပ်ဆောင်ရမည် ဖြစ်သဖြင့် ဝေစုခွဲပေးခြင်း စနစ် (quotas) ကဲ့သို့ အစီအမံ တစ်မျိုးတည်း ကိုသာ ဆောင်ရွက်ခြင်းက အလုပ်ဖြစ်ရန် လွယ်ကူမည် မဟုတ်ပါ။ အမျိုးသမီးများ ပါဝင်နိုင်သော ပတ်ဝန်းကျင်မျိုး ဖန်တီးပေးနိုင်မည့် အစီအမံများစွာ ချမှတ်ရန်

အရေးကြီးကြောင်း သက်သေသာဓက များက ညွှန်းဆိုနေပါသည်။[၁၁] ယင်းကဲ့သို့ လုပ်ဆောင်ရမည့် အစီအမံများစွာတွင် အမျိုးသမီးများ၏ စွမ်းရည်နှင့် ယုံကြည်မှုကို တည်ဆောက်ပေးမှု (လမ်းညွှန်ကြီးကြပ်ခြင်း၊ သင်တန်းပေးခြင်း၊ အမျိုးသမီး ကွန်ရက်ဖွဲ့ခြင်း စသည့်နည်းလမ်း တို့ဖြင့်)၊ အိမ်အလုပ်ဝန်ထုတ်ဝန်ပိုး ကို လျှော့ချပေးမှု (ဥပမာ- အိမ်အလုပ် တာဝန်များ၊ ကလေးထိန်းခြင်း) နှင့် ဂျန်ဒါအခြေပြုအကြမ်းဖက်ခြင်း ကို ဖြေရှင်းမှု စသည်တို့ ပါဝင်ပါသည်။[၁၂]

မြို့များနှင့် ဂျန်ဒါ အခန်းကဏ္ဍ၏ အရေးကြီးမှု ကို နိုင်ငံတကာ ကျင့်ထုံး နှင့် စံချိန်စံညွှန်းများတွင် တွေ့နိုင်ပါသည်။ ဖွံ့ဖြိုးရေးဆိုင်ရာ ရေရှည်ရည်မှန်းချက် (SDG) အမှတ် ၁၁ တွင် "အားလုံးပါဝင်နိုင်သော၊ လုံခြုံစိတ်ချရသော၊ တုံ့ပြန်ခံနိုင်ရည်ရှိသော၊ ရေရှည်တည်တံ့သော မြို့များ နှင့် အများပြည်သူ နေထိုင်ရာ နေရာများ ဖြစ်ရမည်" ဟု ဆိုပါသည်။[၁၃] မြန်မာနိုင်ငံ လက်မှတ်ရေးထိုး ထားသော CEDAW နှင့် Beijing Platform for Action (1995) ကဲ့သို့ နိုင်ငံတကာ ကျင့်ထုံးနှင့် စံချိန်စံညွှန်းများတွင်လည်း ဂျန်ဒါညီမျှမှု ရှိရေးကို ထည့်သွင်းရေးဆွဲ ပြဋ္ဌာန်းထားပါသည်။



**လူထုရေးရာ ဆုံးဖြတ်ချက် ချမှတ်ခြင်းများတွင် အမျိုးသမီးများ လွှမ်းမိုးနိုင်မှု အထောက်အထားများ အပေါ် အခြေခံ၍ သုံးသပ်ပါက အများပြည်သူဆိုင်ရာ ရုံးများ၌ အမျိုးသမီးများပါဝင်မှု အရေအတွက်ကိုသာကြည့်၍ ဂျန်ဒါညီမျှမှု ရှိသည်ဟု ကောက်ချက်ချနိုင်မည် မဟုတ်ပါ။**

ကမ္ဘာတစ်ဝှမ်း မြို့ပြဖြစ်ထွန်းမှု[၁၄] နှင့် မြို့များတွင် လူမှုရေး အပြောင်းအလဲများ လျင်မြန်စွာ ဖြစ်ပေါ်နေ[၁၅] သောကြောင့် မြို့ပြများသည် ဂျန်ဒါမညီမျှမှု ကို ပြုပြင်ပြောင်းလဲနိုင်မည့် နေရာများ အဖြစ် ပေါ်ထွက်လာသည်။ အချို့သုတေသန တွေ့ရှိချက်များ အရ ဂျန်ဒါတန်းတူ ညီမျှမှု ရှိရေးအတွက် မြို့များက ပိုမိုပံ့ပိုးမှု ရှိသည်ကိုလည်း တွေ့ရသည်။[၁၆] မြို့များသည် မတူညီသော နောက်ခံအခြေအနေနှင့် အတွေ့အကြုံများရှိသည့် လူများစွာကို တွေ့ဆုံပေါင်းစည်းစေနိုင်သည့်အတွက် ဂျန်ဒါညီမျှမှုနှင့် စပ်လျဉ်းသော သမာရိုးကျ အတွေးအခေါ်များ အပေါ် စိန်ခေါ်နိုင်လာသည်။ ဂျန်ဒါဆိုင်ရာ စံနှုန်းနှင့် အတွေးအခေါ်များသည် ပိုမို၍ ပြုပြင်ပြောင်းလဲ လွယ်လာသည်။[၁၇] ကျေးလက်ဒေသ နှင့်ယှဉ်ပါက မြို့ပြ ဖြစ်ထွန်းလာမှုက အမျိုးသမီးများ အတွက် အခွင့်အလမ်းများ ပိုမို သယ်ဆောင် လာပါသည်။[၁၈] ဥပမာ ကမ္ဘောဒီးယား နိုင်ငံရှိ သုတေသန တွေ့ရှိချက်များအရ ကုန်ကျစရိတ် ပိုမိုမြင့်မားသည့် မြို့ပြလူမှုဘဝကြောင့် ဂျန်ဒါပိုမို ညီမျှသော လုပ်အားခွဲဝေမှု ဖြစ်ပေါ်စေကာ အမျိုးသမီးများသည် မြို့ရှိ လူမှုအသိုက်အဝန်း အတွင်းသို့ ပိုမိုထိတွေ့ပေါင်းစည်းလာကြသည်ကို တွေ့ရပါသည်။ ထိုမှတဆင့် ဂျန်ဒါရေးရာအပေါ် ပြန်လည်သုံးသပ်ခြင်းများ ထွက်ပေါ်လာစေပါသည်။[၁၉]

တစ်ပြိုင်နက်တည်းမှာပင် မြို့များသည် အမျိုးသမီးများ အတွက် သူမတူသော စိန်ခေါ်မှုများကို ဖန်တီးပေးနေပါသည်။ မြို့များကြောင့် ဂျန်ဒါညီမျှမှု အလိုအလျောက် ရရှိလာမည် မဟုတ်သလို မြို့များသည် လူမှုဆိုင်ရာ မတရားမှု များကို ပြောင်းလဲပေးနိုင်သည့် မှော်နင်တံ တစ်ခုလည်း မဟုတ်ပါ။ အမျိုးသမီးများ ရင်ဆိုင်နေရသည့် မြို့ပြဆိုင်ရာ ဂျန်ဒါ စိန်ခေါ်မှုများက မြို့များရှိ ရှိရင်းစွဲ ဂျန်ဒါစံနှုန်းများကို ပြောင်းလဲနိုင်မည့် အခွင့်အလမ်းများကို တားဆီးပိတ်ပင်လျှက် ရှိပါသည်။[၂၀] စိန်ခေါ်မှုများတွင် တကိုယ်ရေ လုံခြုံမှုသည်လည်း အပါအဝင် ဖြစ်သည်။ အထူးသဖြင့် လူဦးရေ ထူထပ်ပြီးလမ်းမီးနှင့် လုံခြုံစိတ်ချရသော ပို့ဆောင်ရေး စနစ်ကဲ့သို့ အခြေခံ အဆောက်အဦ အားနည်းသော ဧရိယာများအတွက် ပြဿနာ တစ်ခုလည်း ဖြစ်ပါသည်။ လုံခြုံမှု မရှိခြင်းမှာ အမှန်တကယ် ပြဿနာ သို့မဟုတ် ထင်မြင်ယူဆချက် ဖြစ်စေကာမူ အမျိုးသမီးများသည် သွားလာလှုပ်ရှားရန် မိမိကိုယ်ကို ကန့်သတ်မှုများ ရှိလာပြီး မိသားစုဝင် များကလည်း အမျိုးသမီးများနှင့် မိန်းကလေးများ၏ သွားလာလှုပ်ရှားမှုကို သတိထား စောင့်ကြည့်ရန် (စောင့်ကြည့်ခြင်း သို့မဟုတ် အချို့အခြေအနေတွင် ထိန်းချုပ်ခြင်း စသည်တို့မှာ လူမှုယဉ်ကျေးမှု စံနှုန်းများအဖြစ်

**အမျိုးသမီးများသည် ကလေး ထိန်းသိမ်းခြင်း နှင့် ပြုစုပျိုးထောင် ရသည့် အခန်းကဏ္ဍကို ယူရသောကြောင့် မြို့များ၌ ကျန်းမာရေး နှင့် ပညာရေး ဝန်ဆောင်မှုများ အားနည်းခြင်းက အမျိုးသမီးများ အတွက် စိန်ခေါ်မှုများကို ဖန်တီးပေးပါသည်။**

အမြစ်စွဲလျက် ရှိသည်) အကြောင်းပြချက် ရရှိစေသည်။ မြို့ပြဆင်းရဲမှု၊ နေထိုင်မှုအခြေအနေ ဆင်းရဲမှုနှင့် လူမှုဆက်ဆံရေး ကျိုးပဲ့ပျက်စီးမှုများကြောင့် မြို့များ၌ ဂျန်ဒါအခြေပြု အကြမ်းဖက်မှု ပိုမိုဆိုးရွားသည်ဟု လေ့လာမှုအချို့က ဆိုပါသည်။[၂၁]

အမျိုးသမီးများသည် ကလေး ထိန်းသိမ်းခြင်း နှင့် ပြုစုပျိုးထောင် ရသည့် အခန်းကဏ္ဍကို ယူရသောကြောင့် မြို့များ၌ ကျန်းမာရေးနှင့် ပညာရေး ဝန်ဆောင်မှုများ အားနည်းခြင်းက အမျိုးသမီးများအတွက် စိန်ခေါ်မှု များကို ဖန်တီးပေးပါသည်။ ယင်းဝန်ဆောင်မှု များတွင် အားနည်းခြင်းကြောင့် အမျိုးသမီးများသည် ကျိုးပဲ့ပျက်စီး နေသော လူမှုလုံခြုံရေး စနစ်များအတွင်း ရှင်သန်နိုင်ရန် ၎င်းတို့၏ အချိန်ပိုမို ပေးဆပ်နေရပါသည်။ အထူးသဖြင့် အားလုံးခြုံလွှမ်းနိုင်သော၊ လက်လှမ်းမီနိုင်သော၊ ယုံကြည်စိတ်ချရသော ကျန်းမာရေး စနစ်များ မရှိပါက အမျိုးသမီးများသည် ယင်းစနစ်အားနည်းချက်၏ ဝန်ထုတ်ဝန်ပိုးကို ယူရပါသည်။

ပြည်သူ့ သယ်ယူပို့ဆောင်ရေး စနစ်သည်လည်း အမျိုးသမီး များအပေါ် သက်ရောက်မှုများ ရှိပါသည် (အသုံးပြုသူ အရေအတွက်အရ အမျိုးသားများထက် အမျိုးသမီးများက ပိုမို များပြားသည်)။ လုံခြုံရေးနှင့် ထိပါးနှောင့်ယှက်ခြင်း ပြဿနာရပ် များက အမျိုးသမီးများ အများပြည်သူဆိုင်ရာ နေရာများအား လုံခြုံစွာနှင့် ယုံကြည်မှုရှိစွာ အသုံးပြုခြင်းကို အတားအဆီး ဖြစ်စေလျက် ရှိပါသည်။[၂၂] လုံခြုံရေး စိုးရိမ်ရမှု နှင့် သယ်ယူပို့ဆောင်ရေး စနစ် မကောင်းမွန်မှု နစ်ခုပေါင်းခြင်းကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အမျိုးသမီးများ တရားဝင် လုပ်သားဈေးကွက် အတွင်းသို့ ဝင်ရောက်နိုင်မည့် အခွင့်အလမ်းကို လျော့ကျစေပါသည်။ အထောက်အထား တွေ့ရှိချက်များအရ ဖွံ့ဖြိုးဆဲ နိုင်ငံများ၌ လုပ်သားဈေးကွက် တွင်းသို့ အမျိုးသမီးများ ဝင်ရောက်နိုင်ရန် အတွက် အကြီးမားဆုံး အတားအဆီးမှာ သယ်ယူပို့ဆောင်ရေး စနစ် လုံခြုံမှု မရှိခြင်း နှင့် လက်လှမ်းမီရန် ခက်ခဲခြင်းတို့ ဖြစ်ပါသည်။[၂၃]

မြို့များ၌ အမျိုးသမီးများ ရင်ဆိုင်နေရသည့် သူမတူသော စိန်ခေါ်မှုများကို ကြည့်၍ အမျိုးသမီး၊ အမျိုးသား၊ ယောက်ျားလေး၊ မိန်းကလေး အားလုံးတို့၏ လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်း နိုင်သော မြို့ပြ စီမံခန့်ခွဲမှု ရှိရန် အရေးကြီးပုံကို သိနိုင်ပါသည်။[၂၄] အမျိုးသမီးများသည် ကလေးကျောင်းပို့ခြင်း၊ ဈေးဝယ်ခြင်း၊ မိသားစုဝင် များကို ဆေးခန်းပြခြင်း စသည့်တို့ကို လုပ်ဆောင်နိုင်ရန် မြို့ပြ အခြေခံ အဆောက်အဦများကို မှီခိုနေရသည်။ မြို့၏ ဖွဲ့စည်းတည်ဆောက်ပုံကြောင့်(ရည်ရွယ်ချက် ပါသည် ဖြစ်စေ မပါသည် ဖြစ်စေ) အမျိုးသမီးများ အထက်ပါ ဝန်ထုတ်ဝန်ပိုး ထမ်းရွက်နိုင်ရန် အချိန်ပိုမို ပေးရနိုင်ပါသည်။[၂၅] ဂျန်ဒါအရ ခွဲခြားထားသည့် ဒေတာများ ရှိခြင်းဖြင့် ဂျန်ဒါဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်း နိုင်ပြီး အမျိုးသမီးနှင့် အမျိုးသားများ၏ မတူညီသော လိုအပ်ချက်များကို ရှေ့တန်းတင်ထည့်သွင်းစဉ်းစား ထားသော ပြည်သူ့မူဝါဒများ သို့မဟုတ် မြို့ပြမူဝါဒများ စတင်ရေးဆွဲနိုင်မည် ဖြစ်သည်။ အားလုံးအတွက် အကျိုးကျေးဇူးရှိမည့် မြို့ပြဖြစ်ထွန်းမှု ဖြစ်ရန် မြို့ပြများရှိ ဂျန်ဒါဆိုင်ရာ ဆက်ဆံရေးများနှင့် ရှုထောင့်များကို နားလည်သဘောပေါက်ရန် လိုအပ်မည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီး၊ အမျိုးသား၊ ယောက်ျားလေးနှင့် မိန်းကလေးတို့အကြား အခြေခံ ဂျန်ဒါ တန်းတူညီမျှမှုရှိရန် မြို့များက လုပ်ဆောင်နိုင်ခြင်း ရှိမရှိ နှင့်စပ်လျဉ်းသည့် အထောက်အထားများသည် လတ်တလောတွင် ရှင်းလင်းမှု မရှိသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ယခု ဆွေးနွေးမှုစာတမ်းသည် ၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်း ဒေတာများကို အသုံးပြု၍ မြန်မာ့မြို့များ၏ ဂျန်ဒါဆိုင်ရာ ရှုထောင့်များကို နားလည်သဘောပေါက် နိုင်ရန် ကြိုးပမ်းအားထုတ်ထားပါသည်။

# မြန်မာနိုင်ငံ၏ မြို့ကြီးများရှိ ဂျန်ဒါကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်းက ညွှန်းဆိုသည့်အရာများ

## အဓိကတွေ့ရှိချက်များ

**၁**




အမျိုးသမီးများသည်
အမျိုးသားများထက်
**ကလေးထိန်းချိန် နှစ်ဆခန့်**
ပိုပေးရသည်။

**၂**



အမျိုးသမီးများထက်
အမျိုးသားများကသာ
**ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်**
**ပြောဆိုဆက်ဆံ**လေ့ရှိသည်။

**၃**




အမျိုးသား ၂၄% နှင့်
အမျိုးသမီး ၅၂% မှာ
**အလုပ်မလုပ်သူများနှင့်**
**အလုပ်မရှာကြသူများ**ဖြစ်သည်

## အဘယ်ကြောင့် ဖြစ်လာရသနည်း။



အများပြည်သူနှင့်ဆိုင်သည့်
ကဏ္ဍများတွင် အမျိုးသမီးပါဝင်ရန်
အချိန်လုံလောက်မှုမရှိပါ၊
တန်းတူညီမျှမှုရှိစေရေးအတွက်
**အားလုံးပါဝင်နိုင်မည့် မဟာဗျူဟာ**
များ လိုအပ်ပါသည်။




အများပြည်သူနှင့်ဆိုင်သည့်
ကဏ္ဍများတွင် ပါဝင်လာခြင်း
မရှိသေးသည့် အမျိုးသမီးများအား
**အားလုံးပါဝင်နိုင်သည့်**
**ထိတွေ့ဆက်ဆံမှုများ ပြုလုပ်ရန်**
**လို**အပ်ပါသည်။



အများသုံး
သယ်ယူပို့ဆောင်ရေးကဲ့သို့သော
**အခြေခံ အဆောက်အအုံများ**
**ကောင်းမွန်လာခြင်း**သည်
လုပ်ငန်းခွင်များတွင် အမျိုးသမီးများ
ပါဝင်လာမှုကို တိုးတက်စေပါသည်။

# ဂျန်ဒါနှင့် ၂၀၁၈ မြို့ပြလူနေမှုဘ၀ စစ်တမ်း

ယခုအပိုင်းတွင် ဂျန်ဒါ တန်းတူညီမျှမှု ရှိခြင်းဆိုင်ရာ နယ်ပယ်သုံးခု ဖြစ်သော **သုံးထပ်ကွမ်း ဝန်ထုတ်ဝန်ပိုး (the triple burden)၊ ကိုယ်စားပြု ပါဝင်နိုင်မှုနှင့် လွှမ်းမိုးနိုင်မှု (agency and influence) နှင့် အလုပ်အကိုင် ရရှိမှု**တို့အား ၂၀၁၈ မြို့ပြလူနေမှုဘ၀ စစ်တမ်းဒေတာများက မည်ကဲ့သို့ ပံ့ပိုးမှု သို့မဟုတ် စိန်ခေါ်မှု ရှိသည်ကို ခြုံငုံသုံးသပ် သွားမည် ဖြစ်သည်။ နယ်ပယ် တစ်ခုစီတိုင်း အတွက် မြန်မာနိုင်ငံ၏ အခြေအနေကို သုံးသပ်သွားမည် ဖြစ်ပြီး နယ်ပယ် တစ်ခုစီတိုင်း စပ်လျဉ်း၍ ၂၀၁၈ မြို့ပြလူနေမှုဘ၀ စစ်တမ်းဒေတာများက ဖော်ပြထားမှုအပေါ် ဆန်းစစ်ခြင်းနှင့် ဆွေးနွေးတင်ပြခြင်းတို့လည်း လုပ်ဆောင်သွားမည် ဖြစ်သည်။



## သုံးထပ်ကွမ်း ဝန်ထုတ်ဝန်ပိုး (The Triple Burden)

မြန်မာနိုင်ငံတွင် သာမက ကမ္ဘာတစ်ဝှမ်း ဂျန်ဒါ တန်းတူညီမျှမှု အတွက် အတားအဆီး ဖြစ်နေသော အရာမှာ သုံးမျိုးစပ် ဝန်ထုတ်ဝန်ပိုး (the triple burden) ဖြစ်ပါသည်။ သုံးထပ်ကွမ်း ဝန်ထုတ်ဝန်ပိုး (တစ်ခါတစ်ရံ သုံးထပ်ကွမ်း တာဝန် ဟုလည်း ခေါ်သည်) ဆိုသည်မှာ အမျိုးသမီးများသည် မျိုးပွားခြင်း၊ အလုပ်လုပ်ခြင်း နှင့် လူမှုဆက်ဆံရေး တာဝန်များကို ထမ်းဆောင်ရမည် ဟု သတ်မှတ်ခံရခြင်း (မျှော်မှန်းခံရခြင်း) ဖြစ်သည်။ ယခုအပိုင်းတွင် သုံးထပ်ကွမ်း ဝန်ထုတ်ဝန်ပိုး၏ အစိတ်အပိုင်း တစ်ခုဖြစ်သော မျိုးပွားခြင်း နှင့်ဆက်စပ်နေသည့် အိမ်ထောင်မှု လုပ်ငန်းများ လုပ်ဆောင်ရခြင်းကို အဓိကထား လေ့လာမည် ဖြစ်သည်။ ယင်းတွင် ကလေးထိန်းခြင်းနှင့် ပြုစုပျိုးထောင်ခြင်း၊ သက်ကြီးရွယ်အိုနှင့် နာမကျန်းသူများကို ပြုစုခြင်း၊ ချက်ပြုတ်ခြင်း၊ သန့်ရှင်းရေး ပြုလုပ်ခြင်း၊ ဈေးဝယ်ခြင်းနှင့် ရေခပ်ခြင်းတို့ အပါအဝင် အိမ်အလုပ် အမျိုးမျိုးတို့ ပါဝင်သည်။


မြန်မာနိုင်ငံရှိ အမျိုးသမီးများ အနေဖြင့် စီးပွားရေးနယ်ပယ် အတွင်း ဝင်ငွေရှာဖွေခြင်းများ ပိုမိုပြုလုပ်လာနိုင်သော်လည်း လူမှု-ယဉ်ကျေးမှု စံနှုန်းများအရ အမျိုးသမီးများ ထမ်းရွက်ရသည့် မျိုးပွားခြင်းဆိုင်ရာ ဝန်ထုတ်ဝန်ပိုးမှာမူ လျော့ပါးသွားခြင်း မရှိသေးချေ။[၂၆] အိမ်မှုကိစ္စအတွက် လုပ်အားများစွာ စိုက်ထုတ်ရသော်လည်း ဝင်ငွေတန်ဖိုး အဖြစ် သတ်မှတ်ခံရခြင်း မရှိချေ။ ဆိုလိုသည်မှာ နေ့စဉ် အိမ်ထောင်ထိန်းသိမ်းရေး လုပ်ငန်းတွင် အလွန်အရေးပါသည့် တာဝန်ကို ယူထားရသည့် တိုင်အောင် စီးပွားရေးလုပ်ငန်းမှ ဝင်ငွေ ရရှိမှုဖြင့် တန်းတူတန်ဖိုးထားခြင်း မခံရပါ။ မြန်မာနိုင်ငံ၌ အမျိုးသား အိမ်ထောင်စုဝင် များနှင့် ယှဉ်ပါက အမျိုးသမီးများသည် အချိုးမညီမျှစွာပင် အိမ်မှုကိစ္စ တာဝန်များစွာကို ထမ်းဆောင်နေရ ပါသည်။[၂၇]

ရှင်းလင်းချက် ၂

### သုံးထပ်ကွမ်း ဝန်ထုတ်ဝန်ပိုး (triple burden) နှင့် စပ်ဆိုင်သည့် စစ်တမ်းမေးခွန်းများ

**မေးခွန်းအမှတ် (၁၃)** အောက်ပါကိစ္စရပ်များကို တစ်နေ့လျှင် နာရီမည်မျှ လုပ်ပါသလဲ။

- အိမ်ထောင်စုဝင်ငွေတိုးပွားစေမည့် အလုပ် (ဥပမာ - ဝင်ငွေရရှိသော အလုပ် သို့မဟုတ် ကုန်ရောင်းကုန်ဝယ်)
- အိမ်မှုကိစ္စများ (အိမ်အတွက် ဈေးဝယ်ထွက်ခြင်းအပါအဝင်)
- ကလေးနှင့် အသက်ကြီးသူ ကြည့်ရှု စောင့်ရှောက်ခြင်း
- အားလပ်ချိန်
- အိပ်စက်ချိန်
- လုပ်အားပေးခြင်း
- တစ်နေရာမှ တစ်နေရာသို့ သွားလာခြင်း စုစုပေါင်း



အမျိုးသမီးများသည် အိမ်မှုကိစ္စ များပြုလုပ်ခြင်းဖြင့် အချိန်ကုန် ရသောကြောင့် အများပြည်သူ အရေး လုပ်ဆောင်နိုင်ရန် အချိန်၊ နေရာနှင့် စွမ်းဆောင်ရည်များ အားနည်းလျက်ရှိကာ ပြည်သူ့အရေးနှင့် နိုင်ငံရေး နယ်ပယ်အတွင်းသို့ ဝင်ရောက်ရန် အိမ်အလုပ်များက ၎င်းတို့ကို တားဆီးလျှက် ရှိနေပါသည်။[၂၈]

၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်း ဒေတာများဖြင့် မြန်မာ့ မြို့များ၌ အိမ်မှုကိစ္စဆိုင်ရာ ဝန်ထုတ်ဝန်ပိုး ကို ပထမဆုံးအကြိမ် အဖြစ် ရေတွက်နိုင်သော တန်ဖိုးအရ တိုင်းတာနိုင်ခဲ့ပါသည်။ ယခင်က မြန်မာနိုင်ငံတွင် အိမ်မှုကိစ္စ တာဝန်များအား အရည်အသွေး ရှုထောင့်ဖြင့်သာ တိုင်းတာနိုင်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ဂျန်ဒါ တန်းတူညီမျှမှု ရှိရေး အတွက် နေ့စဉ် အဟန့်အတား ပမာဏကို တိုင်းတာရန် ၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်းဒေတာ များက အထောက်အကူ ဖြစ်စေပါသည်။[၂၉]

၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်းဒေတာများအရ **အိမ်မှုကိစ္စများ ပြုလုပ်ခြင်းနှင့် ကလေး၊ အသက်ကြီး သူများကို စောင့်ရှောက်ခြင်း များတွင် ဖြေဆိုသူ အမျိုးသမီးများသည် အမျိုးသားများထက် အချိန်နှစ်ဆ ပေးရကြောင်း** သိရပါသည်။ တနည်းအားဖြင့် အိမ်ထောင်မှုအလုပ် အတွက် တစ်ရက်လျှင် အမျိုးသမီး များသည် အချိန် ငါးနာရီ အသုံးပြုပြီး အမျိုးသားများက အချိန် နှစ်နာရီခွဲသာ အသုံးပြုပါသည်။ ၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်းတွင် မှတ်တမ်းတင်ထားသော နာရီပမာဏသည် ကမ္ဘာလုံးဆိုင်ရာ ခန့်မှန်းချက် ဖြစ်သည့် ဝင်ငွေမရရှိသော စောင့်ရှောက်မှု လုပ်ငန်းအတွက် အချိန်ပေးရာ၌ အမျိုးသားများသည် အမျိုးသမီးများထက် အချိန်လေးပုံတစ်ပုံမှ အချိန်တစ်ဝက်အထိ လျော့နည်းသည် ဟူသောအချက်ဖြင့် တိုက်ဆိုင်နေပါသည်။[၃၀] မြို့ပြလူနေမှုဘဝစစ်တမ်းဒေတာများအရ ဝင်ငွေအဆင့်အတန်းနှင့် အိမ်ထောင်စု တွင် ကျား/မ အတူတကွဝင်ငွေရှာဖွေခြင်းတို့က ကလေးထိန်းခြင်းနှင့် အိမ်မှုကိစ္စများတွင် အမျိုးသမီးနှင့် အမျိုးသားတို့ အသုံးပြုသော အချိန်နာရီများအပေါ် လွှမ်းမိုးနေခြင်းမရှိပေ။ ဤအချက်သည် အမျိုးသမီး များသည် ဝင်ငွေအဆင့်အတန်း မြင့်မားသည်ဖြစ်စေ နိမ့်ကျသည်ဖြစ်စေ အိမ်မှုကိစ္စများကို မနိုင်ဝန် ထမ်းထားရသည်ကို ဖော်ပြနေသည်။


၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်းဒေတာအရ ဖြေဆိုသူ ကလေးရှိ အမျိုးသမီးများသည် ကလေးမရှိသည့် အမျိုးသမီးများထက် အိမ်မှုကိစ္စနှင့် စောင့်ရှောက်ခြင်း လုပ်ငန်းများတွင် အချိန်ပိုမို အသုံးပြုပါသည်။ **ကလေးရှိ အမျိုးသမီးများသည် ကလေးပြုစုစောင့်ရှောက်ခြင်းနှင့် အိမ်မှုကိစ္စ ပြုလုပ်ခြင်း အတွက် တစ်ရက်လျှင် အချိန် ၅.၇ နာရီ အသုံးပြုပြီး ကလေး မရှိသည့် အမျိုးသမီးများသည် ပျမ်းမျှ ၃.၉ နာရီ အသုံးပြုပါသည်။** နှိုင်းယှဉ်ကြည့်ပါက ကလေးရှိ အမျိုးသားများသည် အိမ်မှုကိစ္စ ပြုလုပ်ခြင်းအတွက် တစ်ရက်လျှင် အချိန် ၂.၇ နာရီ အသုံးပြုကာ ကလေးမရှိသည့် အမျိုးသားများကမူ တစ်ရက်လျှင် အချိန် ၂.၁ နာရီ အသုံးပြုပါသည်။ အိမ်မှုကိစ္စ အတွက် ကလေးရှိ အမျိုးသမီး၏ အချိန်အသုံးပြုမှု (၅.၇ နာရီ) နှင့် ကလေးရှိ အမျိုးသား၏ အချိန်အသုံးပြုမှု (၂.၇ နာရီ) ကွာခြားသည့် အချက်သည် မြန်မာနိုင်ငံ တစ်ဝှမ်းတွင် လူမှုယဉ်ကျေးမှု စံနှုန်းများအရ ကလေး ပြုစုစောင့်ရှောက်ခြင်းမှာ အမျိုးသမီးများ၏ တာဝန်အဖြစ်သာ ရှိနေသေးသည်ဆိုသော ကောက်ချက်ကို ပံ့ပိုးပေးလျှက် ရှိပါသည်။ မြို့ပြလူနေမှုဘဝ စစ်တမ်းတွင် ကျေးလက်ဒေသကို ထည့်သွင်းကောက်ခံထားခြင်း မရှိသောကြောင့် ကျေးလက်-မြို့ပြ နှိုင်းယှဉ်နိုင်မည် မဟုတ်ပါ။ မြို့များတွင် စစ်တမ်းပြုလုပ်ထားသည့် ဒေတာ အရမူ အမျိုးသမီးများ နှင့် အမျိုးသားများ အကြား အိမ်မှုကိစ္စ တာဝန်ခွဲဝေမှုသည် ညီမျှမှု မရှိသည်ကို တွေ့ရပါသည်။ ၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်းဒေတာ အရ လုပ်အားဆိုင်ရာ ဂျန်ဒါခွဲခြားခြင်း ၌ အိမ်မှုကိစ္စ လုပ်ဆောင်ရန်မှာ အမျိုးသမီးများ၏ တာဝန်အဖြစ် သတ်မှတ်သော လူမှုယဉ်ကျေးမှု စံနှုန်းများ ဆက်လက်ရှိနေ ပါသည်။ ထို့ကြောင့် မြို့ပြရှိ လူမှုပေါင်းစပ်မှု များက ဂျန်ဒါအရေးများကို ပြောင်းလဲနေခြင်း မရှိသေးပါ။

အသက်အရွယ် ကွာခြားမှုအလိုက် စိစစ်လေ့လာကြည့်ရာ **အိမ်မှုကိစ္စနှင့် ပြုစုစောင့်ရှောက်ခြင်း လုပ်ဆောင် ရာ၌ ဖြေဆိုသူ အမျိုးသမီးငယ်များသည် အမျိုးသားငယ်များထက် အချိန်နှစ်ဆ ပိုမို အသုံးပြုပါသည်။**[၃၁] ထို့ကြောင့် အမျိုးသမီးနှင့် မိန်းကလေးများသည် ငယ်ရွယ်စဉ် ကတည်းကပင် အိမ်မှုကိစ္စများကို တာဝန် ယူရမည်ဟု မျှော်လင့်ခြင်းခံရပြီး အိမ်ပြင်ထွက် အလုပ်လုပ်ရန်နှင့် ပညာသင်ယူရန်အတွက် ၎င်းတို့၏ အချိန်ကို အသုံးချရာတွင် အကန့်အသတ် ရှိနေပါသည်။ ခြုံငုံ၍ ကြည့်ပါက မြန်မာနိုင်ငံရှိ သုတေသန များအရ အိမ်မှုကိစ္စ ဝန်ထုတ်ဝန်ပိုးမှာ အမျိုးသမီးများ နှင့် အမျိုးသားများ အကြား တန်းတူညီမျှမှုရှိရေး အတွက် သိသာထင်ရှားသည့် အတားအဆီး တစ်ခုဖြစ်ကြောင်း ဆိုနေပြီး ၂၀၁၈ မြို့ပြ လူနေမှုဘဝ စစ်တမ်းဒေတာဖြင့် ယင်းအဆိုကို အတည်ပြု နိုင်ပါသည်။ စစ်တမ်းဒေတာအရ ဂျန်ဒါတန်းတူညီမျှမှု မရှိခြင်းမှာ ငယ်ရွယ်စဉ် အချိန်ကတည်းကပင် စတင်ပြီး အမျိုးသမီးများ ကလေးရရှိသော အချိန်တွင် ပိုမိုသိသာလာပါသည်။

ကျေးလက်ဒေသနှင့် မြို့ပြဒေသ အကြား အိမ်မှုကိစ္စ ဝန်ထုတ်ဝန်ပိုး ကွာခြားမှု ရှိမရှိကို ထပ်မံ၍ သုတေသနပြု လေ့လာရန် လိုအပ်မည် ဖြစ်သည်။ မြို့ကြီးငါးမြို့တွင် စစ်တမ်းကောက်ယူခဲ့သည် ၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်း ဒေတာအရမှ အမျိုးသမီးများနှင့် အမျိုးသားများအကြား အိမ်မှုကိစ္စတာဝန် ခွဲဝေရာတွင် တန်းတူညီမျှမှု မရှိသည်ကို တွေ့ရပါသည်။ သက်သေသာဓကများအရ အမျိုးသမီးများ ရပ်ရွာအသိုင်းအဝန်းတွင် အဓိပ္ပာယ်ရှိစွာ ပါဝင်နိုင်မည့် ဝန်းကျင်တစ်ခု ဖန်တီးပေးရန် အတွက် အိမ်မှုကိစ္စ ဝန်ထုတ်ဝန်ပိုးကို လျှော့ချပေးရန်မှာ လွန်စွာ အရေးကြီးပါသည်။[၃၂] ဆက်နွှယ်ပါဝင်သူ အသီးသီး (အစိုးရ၊ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့များ၊ အရပ်ဘက် အဖွဲ့အစည်းများ စသဖြင့်) အနေဖြင့်လည်း တန်းတူညီမျှမှု ရရှိစေရေး အတွက် အမျိုးသမီးများ၏နေ့စဉ် ဝန်ထုတ်ဝန်ပိုးကို တိုက်ဖျက်နိုင်မည့် လက်တွေ့ကျသည့် ယန္တရားများ အကောင်အထည်ဖော်ရန်နှင့် အပြုအမူဆိုင်ရာ အပြောင်းအလဲများ ဖော်ဆောင်ရန် အရေးကြီးပါသည်။

မြို့ပြ အခြေခံ အဆောက်အဦ၊ စီမံကိန်းနှင့် ဝန်ဆောင်မှုများ ပေးရာ၌ အမျိုးသမီးများ၏ အိမ်မှုကိစ္စ ဝန်ထုတ်ဝန်ပိုးကို ထပ်မံ၍ မတိုးစေရန် အမျိုးသမီးများ နေ့စဉ် အိမ်မှုကိစ္စ ဆောင်ရွက်ရာတွင် အချိန်မည်မျှ အသုံးပြုရသည်ကို နားလည်ပါက အကူအညီ ဖြစ်နိုင်ပါသည်။ ဥပမာ- အများပြည်သူ သယ်ယူပို့ဆောင်ရေး စနစ် အားနည်းပါက အမျိုးသမီးများ ကလေး ကျောင်းပို့/ကြိုခြင်း သို့မဟုတ် ဈေးဝယ်ထွက်ခြင်းကဲ့သို့ အိမ်မှုကိစ္စ ဆောင်ရွက်ရာ၌ အချိန်ပိုမို ကုန်ဆုံးရနိုင်သည်။ ထိုနည်းတူ မြို့ရှိ ကျန်းမာရေး ဝန်ဆောင်မှု မထိရောက်ခြင်း သို့မဟုတ် ကုန်ကျစရိတ်များပါက မိသားစုတွင်းမှ ဖျားနာသူကို ပြုစုစောင့်ရှောက်ရသည့် အမျိုးသမီးများ၏ အချိန်ပိုမို ကုန်ဆုံးရပါသည်။ အမျိုးသမီးများ နှင့် အမျိုးသားများ၏ မတူညီသော လိုအပ်မှုအသီးသီး ပေါ်တွင် အလေးထားခြင်းဖြင့် မြို့များသည် ရှိရင်းစွဲ မညီမျှမှုများကို ထပ်မံ၍ မတိုးများအောင် လုပ်ဆောင်ရန် အရေးကြီးပါသည်။


**မြို့ပြအခြေခံ အဆောက်အဦ၊ စီမံကိန်းနှင့် ဝန်ဆောင်မှု များ ပေးရာ၌ အမျိုး သမီးများ၏ အိမ်မှုကိစ္စ ဝန်ထုတ်ဝန်ပိုးကို ထပ်မံ၍ မတိုးစေရန် အမျိုး သမီးများ နေ့စဉ် အိမ်မှု ကိစ္စ ဆောင်ရွက်ရာတွင် အချိန်မည်မျှ အသုံးပြု ရသည်ကို နားလည်ပါက အကူအညီ ဖြစ်နိုင် ပါသည်**



## ကိုယ်စားပြု ပါဝင်နိုင်မှု နှင့် လွှမ်းမိုးနိုင်မှု (Agency and Influence)

အချက်အလက်များ အရ မြန်မာနိုင်ငံ၏ အစိုးရအဆင့် အားလုံးအတွင်း အမျိုးသမီး ပါဝင်မှု အရေအတွက်သည် အမျိုးသား အရေအတွက်ထက် လွန်စွာနည်းပါးပါသည်။ နိုင်ငံရေးနယ်ပယ်တွင်း အမျိုးသမီး ပါဝင်မှုမှာလည်း နည်းပါးလျက် ရှိပြီး ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ၏ ၁၃.၇ ရာခိုင်နှုန်း (တပ်မတော်မှ ခန့်အပ်သော ကိုယ်စားလှယ်များကို ထည့်သွင်းတွက်ချက်ပါက ၁၀.၅ ရာခိုင်နှုန်း) သာ အမျိုးသမီးများ ဖြစ်ပါသည်။[၃၃] မြန်မာနိုင်ငံတွင် အမျိုးသမီး မြို့နယ်အုပ်ချုပ်ရေးမှူး လုံး၀ မရှိပဲ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၁၅၉၇၂ ဦးအနက် ၁၇ ဦး (၀.၁ ရာခိုင်နှုန်း) သာ အမျိုးသမီး ဖြစ်ပါသည်။[၃၄]

ပြည်သူ့ရေးရာ နယ်ပယ်တွင် အမျိုးသမီးများ ပြည့်ပြည့်ဝဝ ပါဝင်နိုင်မှု မရှိခြင်းမှာ နိုင်ငံအတွင်းရှိ တိုင်းရင်းသားနှင့် ဘာသာရေး အုပ်စုအားလုံး ကိုင်စွဲထားသည့် ရှုပ်ထွေးသော လူမှု-ယဉ်ကျေးမှု ဆိုင်ရာ စံနှုန်းများတွင် အခြေခံပါသည်။ အာရှတိုက် တစ်ဝှမ်း၌ အမျိုးသမီးများ လူထုဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်မှု နှင့် နိုင်ငံရေး နယ်ပယ်တွင်းသို့ မဝင်ရောက်နိုင်ရန် အမျိုးသားကြီးစိုးသော စနစ်များက တားဆီးပိတ်ပင် နေလျှက်ရှိသည်။[၃၅] မြန်မာ့နိုင်ငံရေး ခေတ်အဆက်ဆက်၌ အမျိုးသမီးများအား အများပြည်သူဆိုင်ရာ အရေးတွင် ပါဝင် လွှမ်းမိုးပိုင်ခွင့် ရှိသော ကိုယ်စားလှယ် အစုအဖွဲ့ အဖြစ် ပုံဖော်လေ့ရှိပြီး အမျိုးသမီး များသည် ‘မြင့်မားသည့် အဆင့်အတန်း’ ကို ရရှိထားခြင်းများ ရှိနေခဲ့ပါသည်။[၃၆] သို့သော်လည်း အမျိုးသမီးများသည် ယင်းကဲ့သို့ ပုံဖော်ခြင်း ခံရမှုမှ အကျိုးကျေးဇူး အနည်းငယ်သာ ရရှိထားကာ အထက်တွင် ဖော်ပြပြီးခဲ့သည့် အထောက်အထားများ အရ နိုင်ငံအနှံ့ ဂျန်ဒါတန်းတူညီမျှ လိုအပ်ချက်များစွာ ရှိနေပါသည်။[၃၇] အမျိုးသမီးများသည် ‘မြင့်မားသည့် အဆင့်အတန်း’ ရရှိထားသည်ဟု ပုံဖော်ချက်မှာ အထက်တန်းလွှာများ၏ အတွေ့အကြုံများကိုသာ အဓိကထား ဖော်ပြခြင်းဖြစ်ပြီး မြန်မာနိုင်ငံအနှံ့ အမျိုး သမီးများ နေ့စဉ် ကြုံတွေ့နေရသော အမှန်တကယ် အခြေအနေကို ထင်ဟပ်နိုင်ခြင်း မရှိပါ။ အမျိုးသားကြီးစိုးသော ခေါင်းဆောင်မှု အလေ့အထမှာ ဆက်လက်၍ ရှိနေဆဲဖြစ်သည်။ သုတေသန တစ်ခုတွင် စစ်တမ်းပြုလုပ်ထားမှု အရ ဖြေဆိုသူ အမျိုးသမီး နှင့် အမျိုးသား ၇၀ ရာခိုင်နှုန်းကျော်က အမျိုးသားများသည် နိုင်ငံရေးနှင့် စီးပွားရေး ဆိုင်ရာ ခေါင်းဆောင်ကောင်းများ ပိုမိုဖြစ်နိုင်သည် ဟု ယုံကြည်ကြသည်။[၃၈]




**ရွေးကောက်ခံ လွှတ်တော် ကိုယ်စားလှယ်များ၏ ၁၃.၇ % မှာ အမျိုးသမီးများဖြစ်သည်**

၂၀၁၈ မြို့ပြလူနေမှုဘာဂ စစ်တမ်းတွင် စစ်တမ်းပြုလုပ်ခဲ့သော မြို့ငါးမြို့၏ မြို့ပြ အုပ်ချုပ်စီမံရေး အတွင်း အမျိုးသမီး ပါဝင်မှုနှုန်း နှင့်စပ်လျဉ်းသည့် ဒေတာများအား ဖော်ပြနိုင်ခြင်း မရှိပါ။ သို့သော်လည်း မြို့ပြနေထိုင်သူများ ၎င်းတို့မြို့ရှိ အုပ်ချုပ်သူများနှင့် ဆုံးဖြတ်ချက် ချမှတ်သူများဖြင့် မည်ကဲ့သို့ ထိတွေ့ ချိတ်ဆက်ပြီး လွှမ်းမိုးကြသည်ကို မေးခွန်းထုတ်ထား ပါသည်။ အမျိုးသမီးများ နိုင်ငံရေးနှင့် ပြည်သူ့ အရေးတွင် ပါဝင်နိုင်မှုသည် ဂျန်ဒါထည့်သွင်းစဉ်းစားထားသော မူဝါဒများနှင့် ဥပဒေပြောင်းလဲမှုများနှင့် ဆက်စပ်နေသည်ဟုဖော်ညွှန်းသည့် သက်သေသာဓကများရှိနေသည်။ ထို့ကြောင့် အမျိုးသမီးများက လွှမ်းမိုးရန်၊ ထိတွေ့ချိတ်ဆက်ရန်၊ ဆုံးဖြတ်သူများ ဖြစ်လာရန် အားထုတ်သည်လောနှင့် မည်သို့မည်ပုံ အားထုတ်သည်ကို နားလည်သဘောပေါက်ခြင်းသည် မြန်မာမြို့များတွင် ဂျန်ဒါတန်းတူညီမျှမှုကို သိရှိနားလည်ရန် အခရာကျသည်။

## ရှင်းလင်းချက် ၃
## ကိုယ်စားပြုပါဝင်နိုင်မှုနှင့် လွှမ်းမိုးနိုင်မှုဖြင့်စပ်ဆိုင်သည့် စစ်တမ်းမေးခွန်းများ

- မေးခွန်းအမှတ် (၆၆-ခ)တိုင်း/ပြည်နယ် လွှတ်တော်အမတ်များသည် ကျွန်ုပ်မိသားစု၏ အကျိုးစီးပွားကို ကိုယ်စားပြုပေးသည် ဟု ခံစားရသည်။
- မေးခွန်းအမှတ် (၆၈)သင့်လို ပြည်သူတစ်ဦးအနေဖြင့် မြို့တော်စည်ပင် သာယာရေးဌာန၏ ဆုံးဖြတ်ချက်များ အပေါ် လွှမ်းမိုးနိုင်ရန် အကောင်းဆုံးနည်းလမ်းမှာ မည်သည့်နည်းလမ်း ဖြစ်ပါသနည်း။
- မေးခွန်းအမှတ် (၆၉) အောက်ပါတို့မှ မည်သည့်နည်းလမ်း များကို အသုံးပြုဖူးသနည်း။
    - တစ်ခုမှ မသုံးဖူးပါ
    - စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများကို ပြောကြားခြင်း
    - စည်ပင်သာယာရေးအဖွဲ့ထံ စာတင်မည်
    - စည်ပင်သာယာရေးအဖွဲ့သို့ လူ့ဒါန်းခြင်း
    - စည်ပင်သာယာရေးအဖွဲ့ ဖေ့စ်ဘွက် ပေ့ချ်တွင် ကော်မန့်ပေးမည်
    - ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြောမည်
    - ရပ်ရွာလူကြီးနှင့် ပြောမည်
    - လွှတ်တော်ကိုယ်စားလှယ်နှင့် ပြောမည်
    - ကြားလူနှင့် ပြောမည်



လွှတ်တော် ကိုယ်စားလှယ်များ၏ ကိုယ်စားပြုမှုနှင့် စပ်လျဉ်း၍ ဖြေဆိုရာတွင် စစ်တမ်းဒေတာ အရ အမျိုးသမီး အိမ်ထောင်ဦးစီးနှင့် အမျိုးသား အိမ်ထောင်ဦးစီးများအကြား သဘောထားအမြင် များစွာ ကွာဟမှု မရှိသည်ကို တွေ့ရသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် မိသားစု၏ အကျိုးစီးပွားကို ကိုယ်စားပြုသည်ဟု ခံစားရသည် ဆိုသောအချက်ကို သဘောတူရာတွင် အမျိုးသမီး အိမ်ထောင်ဦးစီး များက အမျိုးသား အိမ်ထောင်ဦးစီးများထက် ၃ ရာခိုင်နှုန်းသာ နည်းပါးပါသည်။ ဤကွာဟချက် နည်းပါးသည့်အချက်နှင့် **အမျိုးသမီးများသည် အစိုးရ၏ ဆုံးဖြတ်ချက်များကို လွှမ်းမိုးရန်နှင့် ထိတွေ့ ချိတ်ဆက်ရန် ကြိုးစားနိုင်ခြေ နည်းသည်** ဆိုသောအချက်ဖြင့် နှိုင်းယှဉ်နိုင်ပါသည်။ မိမိနယ်မြေ၏ လွှတ်တော်ကိုယ်စားလှယ် ကို မသိဟု ဖြေဆိုရာ၌ အမျိုးသမီးများသည် အမျိုးသားများထက် ၈ ရာခိုင်နှုန်း ပိုများပြီး ပြဿနာ ဖြေရှင်းရန် အတွက် မိမိ၏ လွှတ်တော်ကိုယ်စားလှယ်ကို ဆက်သွယ်ရာတွင် အမျိုးသမီးများသည် အမျိုးသားများထက် ၂ ရာခိုင်နှုန်း နည်းပါးပါသည်။

ရပ်ရွာအရာရှိများနှင့် ဆက်သွယ်ရမည် ဆိုပါက အမျိုးသမီးများသည် ရပ်ကွက်အုပ်ချုပ်ရေးမှူး နှင့်သာ ဆက်သွယ်နိုင်ခြေ များသော်လည်း **ရပ်ကွက် အုပ်ချုပ်ရေးမှူးဖြင့် ဆက်သွယ်ရာ၌ အမျိုးသားများက အမျိုးသမီးများထက် အကြိမ်ရေ ပိုမိုများသည်ကို စစ်တမ်းဒေတာများက ဖော်ပြနေပါသည်။** ရန်ကုန်မြို့တော်စည်ပင်၏ ဆုံးဖြတ်ချက်များကို လွှမ်းမိုးနိုင်ရန်အတွက် အထိရောက်ဆုံးနည်းလမ်းမှာ စည်ပင်အဖွဲ့ထံသို့ စာရေးတင်ပြခြင်း သို့မဟုတ် ဆက်သွယ်ပြောဆိုခြင်း ဖြစ်သည်ဟု အမျိုးသမီးများက



**အိမ်မှုကိစ္စ တာဝန်များကြောင့် အမျိုးသမီးများ ပြည်သူ့အရေးတွင် ပါဝင်နိုင်ရန် အချိန်အကန့်အသတ် ရှိနေသည့် အချက်အား မြို့ပြဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်သူများ အနေဖြင့် ၎င်းတို့၏ အစီအစဉ် ရေးဆွဲမှုတွင် ထည့်သွင်းစဉ်းစားရန် လိုအပ်မည် ဖြစ်သည်။**

ဖြေဆိုနိုင်ခြေ ပိုများပါသည်။ **ဆုံးဖြတ်ချက်များကို လွှမ်းမိုးနိုင်ရန်အတွက် ရပ်ရွာလူကြီးနှင့် ပြောဆိုရာတွင် အမျိုးသမီးများက အမျိုးသားများထက် ၅ ရာခိုင်နှုန်း ပိုများပါသည်။** ရပ်ရွာလူကြီး အများစုမှာ အမျိုးသားများ ဖြစ်သောကြောင့် ယင်းအချက်ကို စဉ်းစားရန် အရေးကြီးပါသည်။ ဆိုလိုသည်မှာ အမျိုးသမီးများက ရပ်ရွာလူကြီးများကို ဆက်သွယ်ရသောအခါ အမျိုးသား ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှု အခင်းအကျင်းနှင့် လူမှုယဉ်ကျေးမှု စံနှုန်းများကို မသိမသာ တွန်းအားပေးသလို ဖြစ်နေပါသည်။ ၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်းမေးခွန်းတွင် ပါဝင်သော ရန်ကုန်မြို့တော်စည်ပင်၏ ဆုံးဖြတ်ချက်များကို လွှမ်းမိုးနိုင်မည့် နည်းလမ်း (အထက်ပါ ရှင်းလင်းချက်တွင် ကြည့်ရှုရန်) အားလုံးကို အသုံးပြုရာ၌ အမျိုးသားများက အမျိုးသမီးများထက် ဖြစ်နိုင်ချေ ပိုများပါသည်။ ဤတွေ့ရှိချက်များကို ကြည့်ခြင်းအားဖြင့် မြန်မာ့မြို့ပြများ၏ နိုင်ငံရေးရာတွင် လူမှုယဉ်ကျေးမှု စံနှုန်းအရ အမျိုးသားများသာ အဓိကနေရာယူထားသည်ကို ထင်ရှားစွာတွေ့မြင်နိုင်ပါသည်။

ဒေတာဆန်းစစ်မှုများအရ ဆုံးဖြတ်ချက်များကို လွှမ်းမိုးရန် အကောင်းဆုံးနည်းလမ်းမှာ ရပ်ကွက် အုပ်ချုပ်ရေးမှူးကို ဆက်သွယ်ခြင်း ဖြစ်သည်ဟု အမျိုးသားများက ဖြေဆိုနိုင်ခြေ ပိုများပါသည်။ **ဆုံးဖြတ်ချက်များကို လွှမ်းမိုးနိုင်ရန်အတွက် အထိရောက်ဆုံးနည်းလမ်းမှာ စည်ပင်အဖွဲ့ထံသို့ စာရေးတင်ပြခြင်း သို့မဟုတ် ဆက်သွယ်ပြောဆိုခြင်းဖြစ်သည်ဟု အမျိုးသမီးများက ဖြေဆိုနိုင်ခြေ ပိုများပါသည်။** မြို့ပြအုပ်ချုပ်ရေးကို လွှမ်းမိုးနိုင်ရန် အမျိုးသမီးများနှင့် အမျိုးသားများ အသုံးပြုသည့် နည်းလမ်းမတူညီမှုအပေါ် ပိုမို၍ လေ့လာရန်လိုအပ်မည် ဖြစ်ပါသည်။ အမျိုးသမီးများသည် ရပ်ရွာ အုပ်ချုပ်ရေးအရာရှိများနှင့် ဆက်သွယ်ရန်အတွက် ၎င်းတို့၏ ရပ်ရွာတွင်း ကိုယ်တိုင်ပိုမိုပါဝင်နိုင်ခွင့်နှင့် လွှမ်းမိုးနိုင်ခွင့်ကို အသုံးချခြင်းမရှိပဲ အစဉ်အလာနည်းလမ်းများ ဖြစ်သည့် စာရေးသားတင်ပြခြင်းနှင့် ရပ်ရွာလူကြီးများဖြင့် ပြောဆိုခြင်း နည်းလမ်းများ (အထက်တွင် တင်ပြခဲ့သည့်အတိုင်း) ကိုသာ အသုံးပြုသည်ကို တွေ့ရပါသည်။ ယင်းအချက်ကို ကြည့်၍ မြန်မာနိုင်ငံတွင် ဂျန်ဒါအရခွဲခြားသော ခေါင်းဆောင်မှုနှင့် အာဏာရှိမှု အယူအဆများ ဆက်လက်တည်ရှိနေသည်ကို သိရှိနိုင်မည် ဖြစ်သည်။ အမျိုးသမီးများသည် ကလေး စောင့်ရှောက်ခြင်းနှင့် အိမ်မှုကိစ္စ ဝန်ထုတ်ဝန်ပိုးကို အချိုးမညီမျှစွာ ထမ်းနေရပါသည်။ ထို့ကြောင့် အိမ်မှုကိစ္စ အလုပ်များကို ထားခဲ့၍ ဆုံးဖြတ်ချက် ချမှတ်သူများကို လွှမ်းမိုးရန်နှင့် ရပ်ရွာအရေး ဆောင်ရွက်ရန်မှာ အကန့်အသတ်များ ရှိနေပါသည်။ တဖက်တွင်လည်း ရပ်ကွက် အုပ်ချုပ်ရေးမှူးများကို တိုက်ရိုက် ဆက်သွယ်ပြောဆိုရန် အမျိုးသမီးများတွင် လူမှုရေးရာ ချိတ်ဆက်မှု မရှိခြင်းလည်း ဖြစ်နိုင်ပါသည်။ အထူးသဖြင့် လူမှုယဉ်ကျေးမှု စံနှုန်းများအရ အမျိုးသမီးများကို မိသားစု/ တကိုယ်ရည် နယ်ပယ်အတွင်းသာ နေရာချထားသောကြောင့် အမျိုးသမီးများတွင် ရပ်ရွာခေါင်းဆောင် များအား လွှမ်းမိုးရန်နှင့် လက်လှမ်းမီဆက်သွယ်နိုင်ရန် ပုဂ္ဂိုလ်ရေး ရင်းနှီးမှုနှင့် အပြန်အလှန်ယုံကြည်မှု အားနည်းနေနိုင်ပါသည်။

မြို့ပြရေးရာ ဆုံးဖြတ်ချက် ချမှတ်သူများနှင့် အုပ်ချုပ်ရေးမှူး များကို လွှမ်းမိုးရန်အတွက် အမျိုးသမီးများနှင့် အမျိုးသားများ အသုံးပြုသော နည်းလမ်းအမျိုးမျိုးကို နားလည်ထားလျှင် ဂျင်ဒါအလေးထားသည့် ပြည်သူ့ဆက်ဆံရေး မဟာဗျူဟာများ ရေးဆွဲလာနိုင်မည် ဖြစ်သည်။ ဥပမာ- အမျိုးသမီးများ၏ လိုအပ်ချက် နှင့် သတင်းအချက်အလက် လက်လှမ်းမီနိုင်မှုအပေါ် ထည့်သွင်းစဉ်းစား ထားခြင်း မရှိသော ဂျန်ဒါ အလေးမထားသည့် ဗျူဟာများသာ အသုံးပြုပါက အမျိုးသား ခေါင်းဆောင်မှု ဦးစားပေးသော စံနှုန်းများကို ပြောင်းလဲနိုင်မည် မဟုတ်ပဲ ပိုမို၍ပင် ထိုစံနှုန်းများကို အားကောင်းစေမည်သာ ဖြစ်သည်။ အိမ်မှုကိစ္စ တာဝန်များကြောင့် အမျိုးသမီးများ ပြည်သူ့အရေးတွင် ပါဝင်နိုင်ရန် အချိန်အကန့်အသတ် ရှိနေသည့် အချက်အား မြို့ပြဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်သူများအနေဖြင့် ၎င်းတို့၏ အစီအစဉ် ရေးဆွဲမှုတွင် ထည့်သွင်းစဉ်းစားရန် လိုအပ်မည် ဖြစ်သည်။

# အလုပ်အကိုင်ရရှိမှု

ဂျန်ဒါတန်းတူညီမျှခြင်းကို နားလည်သဘောပေါက်နိုင်မည့် အဓိကရှုထောင့်မှာ အလုပ်အကိုင်ရရှိမှုကို သုံးသပ်ကြည့်ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ၌ အမျိုးသမီးများ စီးပွားရေးစနစ် အတွင်းသို့ တန်းတူညီမျှစွာ နှင့် အပြည့်အဝ ပါဝင်နိုင်ရန်အတွက် အတားအဆီးများအကြောင်းကို မှတ်တမ်းတင်ထားရှိမှုများ များစွာရှိပါသည်။[၃၉] အမျိုးသား အလုပ်အကိုင် ရရှိမှုနှုန်းမှာ မြင့်မားပြီး အမျိုးသမီး အလုပ်အကိုင် ရရှိမှုနှုန်းမှာ နည်းပါးလျက် ရှိသည်ကို ကြည့်ခြင်းအားဖြင့် အလုပ်အကိုင် ရရှိမှုတွင် တန်းတူညီမျှမှု မရှိကြောင်း တွေ့နိုင်ပါသည်။ လူမှုယဉ်ကျေးမှု စံနှုန်းများကြောင့် အမျိုးသမီးများသည် ဝင်ငွေမရရှိသော မျိုးပွားခြင်းနှင့် အိမ်ထောင်မှုလုပ်ငန်းအတွက် တာဝန်ယူရပြီး လုပ်အားဆိုင်ရာ ဂျန်ဒါခွဲခြားမှု ဖြစ်ပေါ်စေပါသည်။[၄၀] အိမ်မှုကိစ္စ လုပ်ငန်းများကြောင့် အမျိုးသမီးများ၏ လုပ်ငန်းနယ်ပယ်အတွင်းသို့ ဝင်ရောက်ရန် အချိန်နှင့် စွမ်းရည် အကန့်အသတ် ရှိစေပါသည်။ ထို့ကြောင့် အမျိုးသမီးများသည် ပုဂ္ဂလိက ကဏ္ဍများတွင် ဆုံးဖြတ်ချက် ချမှတ်မှုနှင့် ခေါင်းဆောင်မှု ပြုရသည့် အကြီးတန်း အရာရှိ အဆင့်အထိ ရောက်ရှိနိုင်မှု ရှားပါးသွားပြီး များသောအားဖြင့် ထိုသို့သော ရာထူးများမှာ အသက်ကြီးသော အမျိုးသားများအတွက် ဖြစ်သွားလေ့ရှိသည်။

လူမှုယဉ်ကျေးမှု စံနှုန်းများ အရ သူနာပြု နှင့် စာသင်ကြားခြင်း ကဲ့သို့ အချို့ သက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများအား အမျိုးသမီးများ၏ သက်မွေးဝမ်းကျောင်း လုပ်ငန်း အဖြစ် ပုံဖော်ခြင်းများလည်း ရှိပါသည်။ ကျောင်းဆရာနှင့် တက္ကသိုလ် ပါမောက္ခကဲ့သို့ ပညာရေးကဏ္ဍ ရာထူးများတွင် အမျိုးသမီးက ကြီးစိုးထားသော်လည်း ပညာရေးဆိုင်ရာ ဌာန အဖွဲ့အစည်းကြီးများ၌ အကြီးတန်း အုပ်ချုပ်ရေး ရာထူးများကို 'မွေးရာပါ ခေါင်းဆောင်များ' ဟု သက်မှတ်ခြင်း ခံရသော အမျိုးသားများ ကသာ ရယူထားပါသည်။[၄၁] အမျိုးသမီးများမှာ အလွတ်တန်းကဏ္ဍ သို့မဟုတ် ကိုယ်ပိုင်လုပ်ငန်း များတွင် လုပ်ကိုင်မှု ပိုမိုများပြား နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းလုပ်ငန်းများသည် ပြောင်းလဲရလွယ်ကူပြီး ကိုယ်တိုင်ကြီးစိုးခွင့်ရှိကာ အိမ်မှုကိစ္စ လုပ်ဆောင်ရင်း ဝင်ငွေရှာဖွေနိုင်မည့် အခြေအနေကို ပေးနိုင်သည်။ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်ခြင်းမှာ အမျိုးသမီးများ ပိုရွေးချယ်နိုင်စရာ နည်းလမ်း ဖြစ်သော်လည်း လုံခြုံမှုနှင့် တည်ငြိမ်မှု အားနည်းခြင်း နှင့် ဝင်ငွေခန့်မှန်းရခက်ခြင်း တို့ရှိနိုင်ပါသည်။ အထက်ပါ စိန်ခေါ်မှုများ အပြင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း အပါအဝင် ထိပါးနှောင့်ယှက်မှု အမျိုးမျိုးတို့မှာ မြန်မာနိုင်ငံ အနှံ့ တွေ့ရသော လုပ်ငန်းခွင်ဆိုင်ရာ ပြဿနာများ ဖြစ်ပါသည်။[၄၂]

---

**ရှင်းလင်းချက် ၄**
**စစ်တမ်းမေးခွန်းများ**

**မေးခွန်းအမှတ် (၈)** သင်လက်ရှိ လုပ်ကိုင်နေသော လုပ်ငန်းအမျိုးအစားမှာ အဘယ်နည်း။


- နေစား
- အချိန်ပိုင်း*
- အချိန်ပြည့်
- အလုပ်မလုပ်ပါ
- လက်ရှိအလုပ်မလုပ်ပါ၊ အလုပ်ရှာနေသည်
- မဖြေဆိုလိုပါ

* အချိန်ပိုင်းဆိုသည်မှာ တစ်ပတ်လျှင် ၎င်းရက်အောက်လျော့၍ လုပ်ရသော အလုပ်ကို ဆိုလိုသည်။

---

၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်းတွင် "သင်လက်ရှိ လုပ်ကိုင်နေသော လုပ်ငန်း အမျိုးအစား မှာ အဘယ်နည်း" ဟု မေးမြန်းခဲ့ပါသည်။ ယင်းမေးခွန်းကို ဖြေဆိုရာတွင် **အမျိုးသား ၂၄ ရာခိုင်နှုန်း နှင့် အမျိုးသမီး ၅၂ ရာခိုင်နှုန်း တို့က လက်ရှိတွင် အလုပ်မလုပ်ပါ၊ အလုပ်လည်း မရှာပါ ဟု ဖြေဆိုခဲ့ကြသည်။** စစ်တမ်းအရ အလုပ်မလုပ်သော အမျိုးသမီး ရာခိုင်နှုန်းသည် အလုပ်မလုပ်သော အမျိုးသား ရာခိုင်နှုန်းထက် နှစ်ဆကျော် ပိုများနေကာ


# အလုပ် မလုပ် + အလုပ် မရှာ




အမျိုးသမီးများသည် အိမ်မှုကိစ္စ လုပ်ငန်းများစွာကို တာဝန်ယူနေရသည် ဆိုသော သုတေသန တွေ့ရှိချက်ကို ပံ့ပိုးလျက်ရှိသည်။

၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်းဒေတာတွင် အရေးကြီးသည့် အသက်အရွယ်ဆိုင်ရာ တွေ့ရှိချက်များ ရှိနေပါသည်။ **အလုပ်မလုပ်ပါဟု ဖြေဆိုသည့် လူငယ်အမျိုးသမီး အရေအတွက်သည် ယင်းသို့ ဖြေဆိုသည့် လူငယ်အမျိုးသား အရေအတွက်ထက် သုံးဆများပါသည်။**[၄၃] ၃၅-၅၀ ကြား အသက် အပိုင်းအခြားတွင် ကွာဟချက် အကြီးမားဆုံး တွေ့ရပြီး အမျိုးသား ၈.၅ ရာခိုင်နှုန်း နှင့် အမျိုးသမီး ၄၀ ရာခိုင်နှုန်းက အလုပ်မရှိဟု ဖြေဆိုခဲ့ပါသည်။ ယင်းသို့ ဖြေဆိုသူ အသက် ၃၅-၅၀ အပိုင်းအခြား ၄၀ ရာခိုင်နှုန်းသည် ကလေးပြုစုပျိုးထောင်ခြင်းနှင့် စောင့်ရှောက်ခြင်းတို့တွင် အချိန်ကုန်ဆုံးရသည့် အသက် အပိုင်းအခြားနှင့် ကိုက်ညီနေသည်။ အသက်အရွယ်ကို ထည့်သွင်း စိစစ်လေ့လာပါက အလုပ်အကိုင် တန်းတူညီမျှစွာ မရရှိနိုင်မှုသည် အသက်ငယ်စဉ်ကတည်းက စတင်ပြီး အမျိုးသမီးများ ကလေး ပြုစုပျိုးထောင် ရသည့်တာဝန်များစွာကို ယူရသည့် အသက် အပိုင်းအခြားသို့ ရောက်သောအခါ ပိုမို၍ မြင့်တက်လာပါသည်။ အမျိုးသမီးများက ကလေးစောင့်ရှောက်ခြင်းဆိုင်ရာ အိမ်မှုတာဝန်များကို ယူရမည်ဟု မှတ်ယူခြင်း ခံရသောကြောင့် အလုပ်အကိုင် ရရှိမှုဆိုင်ရာ ဂျန်ဒါမညီမျှမှုသည် အမျိုးသမီးများ အသက်အရွယ်ကြီးလာသည် နှင့်အမျှ မြင့်တက်လာပါသည်။ ထို့ကြောင့် အလုပ်အကိုင် ရရှိခြင်း မညီမျှမှု ဖြစ်စေသည့် စနစ်နှင့် သတ်မှတ်ပြဋ္ဌာန်းချက် ဆိုင်ရာ အကြောင်းရင်းများကို ဖြေရှင်းရန် အရေးကြီးပါသည်။

## ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်မှု




မြန်မာနိုင်ငံတွင် လုပ်သားအင်အားစု မညီမျှခြင်းများ ရှိနေကြောင်း ၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်းဒေတာ အားဖြင့်လည်း  သိနိုင်ပါသည်။ ၂၀၁၄ တစ်နိုင်ငံလုံးဆိုင်ရာ သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ် မှ ၆၄ နှစ် အတွင်း အမျိုးသမီး ၅၁ ရာခိုင်နှုန်းသာ လုပ်ငန်းခွင်တွင် ရောက်ရှိနေပြီး နှိုင်းယှဉ်ပါက ယင်း အသက် အပိုင်းအခြား အမျိုးသား ၈၅ ရာခိုင်နှုန်းသည် လုပ်ငန်းခွင်တွင် ရောက်ရှိ နေပြီး ဖြစ်သည်။[၄၄] မြို့ပြဖြစ်ထွန်းလာမှုက အလုပ်အကိုင် ရရှိမှု မရှိမှုခြင်းကို ဖြေရှင်းနိုင်မည့် အခွင့်အလမ်း များ ယူဆောင်လာပါသည် သို့သော်လည်း ဂျန်ဒါကို ထည့်သွင်းတွက်ချက်ရန် ပျက်ကွက်ပါက ရှိရင်းစွဲ မညီမျှခြင်းပင် မြင့်တက်လာနိုင်ပါသည်။ ဥပမာ အချိန်ကြာမြင့်ကာ လုံခြုံအားနည်းသည့် ပို့ဆောင်ရေး စနစ်သည် အမျိုးသမီးများ လုပ်ငန်းခွင် ဝင်ရန်အတွက် အဟန့်အတားတစ်ရပ်ဖြစ်နေသည်။[၄၅] ထို့ကြောင့်ပင် အမျိုးသမီးနှင့် အမျိုးသားများအကြား အလုပ်အကိုင် ရရှိမှုနှုန်း ကွာခြားနေမှု ပြဿနာမှာ အရေးကြီးနေခြင်း ဖြစ်သည်။ ဂျန်ဒါကို ထည့်သွင်းစဉ်းစားခြင်း မရှိသော သို့မဟုတ် ဒီဇိုင်းအားနည်းသော မြို့ပြ အခြေခံ အဆောက်အဦများကြောင့် အမျိုးသမီးများ လုပ်ငန်းခွင် ရောက်ရှိရန် ပိုမို၍ အတားအဆီးပင် ဖြစ်စေနိုင်ပါသည်။ မြို့များ၌ အမျိုးသမီး အလုပ်အကိုင် ရရှိမှုရာခိုင်နှုန်း နည်းပါးနေသည်ကို ကြည့်ခြင်းဖြင့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အဦများကို ပိုမို၍ လက်လှမ်းမီနိုင်အောင် လုပ်ဆောင်ရန်

လိုအပ်မှုကို တွေ့နိုင်ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံ၏ လုပ်သားအင်အားစု မညီမျှခြင်း ဖြစ်စေသည့် အကြောင်းရင်းများတွင် ပို့ဆောင်ရေးစနစ် အားနည်းမှု ပါဝင်ခြင်း ရှိမရှိ ထဲထဲဝင်ဝင် သုတေသနပြုရန် လိုအပ်နေပါသည်။

၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်းဒေတာများအရ ဖြေဆိုသူ အမျိုးသမီး ၇၇ ရာခိုင်နှုန်းသည် ကိုယ်ပိုင်လုပ်ငန်း လုပ်သည်ဟု ဖြေဆိုပြီး ထိုသို့ဖြေဆိုသူ အမျိုးသားမှာ ၆၃ ရာခိုင်နှုန်း ရှိပါသည်။ မြန်မာနိုင်ငံရှိ အမျိုးသမီး များသည် အိမ်မှုကိစ္စများကို ဆောင်ရွက်ရသည့် အချိန်ဝန်ထုတ်ဝန်ပိုး (ရှေ့တွင် ဆွေးနွေးခဲ့ပြီး ဖြစ်သည်) ရှိနေသောကြောင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်ခြင်းမှာ ရွေးချယ်မှုကောင်း တစ်ခုလည်း ဖြစ်ပါသည်။ ကိုယ်ပိုင်လုပ်ငန်းမှာ အမျိုးသမီးများနှင့် အမျိုးသားများအတွက် ပုံမှန် အလုပ်အကိုင် တစ်မျိုး ဖြစ်သော်လည်း စည်းမျဉ်းစည်းကမ်း အားနည်းခြင်းနှင့် မှန်းဆရန် ခက်သော ဝင်ငွေ စီးဆင်းမှုကြောင့် စီးပွားလန့်ခြင်း ဖြစ်ပွားနိုင်မှု ပိုမို၍ရှိနေသည်။ တစ်ခါတစ်ရံ ကိုယ်ပိုင်လုပ်ငန်း များသည် အပြည့်အဝ အကျိုးကျေးဇူး မရရှိခြင်း ဖြစ်ပေါ်တတ်ပြီး ဂျန်ဒါအလိုက် သက်ရောက်မှုများ (အထူးသဖြင့် ကလေးပြုစုစောင့်ရှောက်ရသည့် နှစ်များအတွင်း ပိုမို၍ မြင့်တက်လာခြင်း) ရှိပါသည်။ မြန်မာနိုင်ငံသည် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်နေရသည့်အတွက် ၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်းဒေတာက ဖော်ပြထားသည့် အမျိုးသမီးများ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်မှု အခြေအနေနှင့် လားရာများကို နားလည်ထားရန် အရေးကြီး ပါသည်။ မြို့များအနေဖြင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သော အမျိုးသမီးနှင့် အမျိုးသားအားလုံး၏ လိုအပ်ချက်ကို တုံ့ပြန်နိုင်မည့် အလုပ်အကိုင် စံချိန်စံညွှန်းနှင့် အခြေအနေများ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ပေးရန် အခွင့်အလမ်းများ ရှိနေပါသည်။

မြို့များ၌ နေထိုင်မှုစရိတ် မြင့်မားခြင်းက အမျိုးသမီးများစွာ လုပ်ငန်းခွင်သို့ ဝင်ရောက်ရန် တွန်းအား ပေးလျက် ရှိသည့် အကြောင်းရင်း တစ်ခုဖြစ်ပြီး တရားဝင် စီးပွားရေး အတွင်း ဝင်ရောက်သည့် အမျိုးသမီးများနှင့် အမျိုးသားများ အရေအတွက် တူညီစေရန် အားပေးလျက် ရှိသည်ဟု အချို့သုတေသနများက ဆိုပါသည်။[၄၆] မြန်မာနိုင်ငံတွင်လည်း ထိုကဲ့သို့ ဖြစ်ပေါ်ခြင်း ရှိမရှိ မသေချာသောကြောင့် ထပ်မံ၍ သုတေသနပြုခြင်းများ လိုအပ်မည် ဖြစ်သည်။ အမျိုးသမီး-အမျိုးသား နှစ်ဦးစလုံး ဝင်ငွေရှိသော အိမ်ထောင်စုများတွင် မည်သူက အရင်းအမြစ်နှင့် ငွေကြေးတို့အား ထိန်းချုပ်ဆောင်ရွက်နေသည်ကို နားလည်ရန်လည်း သုတေသနပြု ရမည်ဖြစ်သည်။ ဥပမာ- အမျိုးသမီးများသည် တရားဝင် လုပ်သားဈေးကွက် အတွင်း အချိန်နှင့်အမျှ ဝင်ရောက်မှု များပြားလာသော်လည်း အိမ်ထောင်စုတွင်း ဝင်ငွေဆုံးဖြတ်ချက်များတွင် လွှမ်းမိုး ကိုယ်စားပြုနိုင်မှု မရှိပါက အပေါ်ယံအရ ဂျန်ဒါ တန်းတူညီမျှမှု တိုးတက်ခြင်းသာ ဖြစ်ကာ လူမှုဖွဲ့စည်းပုံ အဆင့်တွင် တိုးတက်မှု ရှိမည် မဟုတ်ပေ။ တန်းတူမညီမျှမှု ဖြစ်ပေါ်စေသော လူမှုဖွဲ့စည်းပုံဆိုင်ရာ အကြောင်းရင်းများကို ဖြေရှင်းရာတွင် အသွင်ပြောင်းလဲရန် လိုအပ်လျက် ရှိကြောင်း ယင်းအထောက်အထားများက သက်သေပြနေပါသည်။

## ရှင်းလင်းချက် ၅
## မြို့များရှိ တစ်ကိုယ်ရေ လုံခြုံမှုဆိုင်ရာ စစ်တမ်းဒေတာ

**စစ်တမ်းမေးခွန်း အမှတ် (၃၃)** - ညမှောင်ပြီးနောက် အိမ်ပတ်ဝန်းကျင်၊ ရပ်ကွက်ပတ်ဝန်းကျင် အနီးတစ်ဝိုက်၌ တစ်ယောက်တည်း လမ်းလျှောက်သောအခါ ဘေးကင်းလုံခြုံသည်ဟု ကျွန်ုပ်ခံစားရပါသည်။

မြို့ပြ လုံခြုံမှုနှင့် ဘေးအန္တရာယ် ကင်းရှင်းမှုအား အမျိုးသမီး၊ အမျိုးသား၊ ယောကျ်ားလေးနှင့် မိန်းကလေးများက မည်ကဲ့သို့ တွေ့ကြုံသဘောထားခြင်းအပေါ် လူမှုယဉ်ကျေးမှု စံနှုန်းများ၏ သက်ရောက်မှု ရှိပါသည်။ လုံခြုံမှု အမှန်တကယ် အားနည်းသည် ဖြစ်စေ ထိုကဲ့သို့ ထင်မြင်သည်ဖြစ်စေ ယင်းကိုအခြေခံ၍ လူမှုယဉ်ကျေးမှု စံနှုန်းများကို တည်ဆောက်ပါသည်။ ထိုစံနှုန်းများအရ အမျိုးသမီးနှင့် မိန်းကလေးငယ်များကို အားနည်းသူများအဖြစ် မှတ်ယူပြီး ၎င်းတို့ကို (အထူးသဖြင့် တစ်ဦးတည်း) ညဘက်အပြင် မထွက်ရန် ဖျောင်းဖျတားမြစ်မှုများ ရှိလာပါသည်။ ထိုမျှသာမက လူမှုယဉ်ကျေးမှု စံနှုန်းများအရ 'အမျိုးသမီးကောင်း' တစ်ဦး၏ အဓိပ္ပာယ်ကို သတ်မှတ်လိုက်ပြီး စံနှုန်းကို ဖောက်ဖျက်၍ ညဘက် အပြင်ထွက်သော အမျိုးသမီးများ၏ အဆင့်အတန်းအား လျှော့ချသတ်မှတ် ပါသည်။[၄၇] ဥပမာအားဖြင့် Gender Equality Network မှ ပြုလုပ်ခဲ့သော သုတေသနတစ်ခုတွင် ဖြေဆိုသူ တစ်ဦးက နိုင်ငံ၏ ယဉ်ကျေးမှုအရ အမျိုးသမီးများ ညအပြင်ထွက်လျှင် မကောင်းမှု တစ်ဆုံတစ်ရာ ကြုံတွေ့မည်ကို စိုးရိမ် ပူပန်မှုများစွာရှိသည်ဟု ပြောဆိုခဲ့သည်။[၄၈] ယောကျ်ားဆန်ခြင်းနှင့် စပ်လျဉ်းသော စံနှုန်းများအရလည်း အမျိုးသမီးနှင့်

မိန်းကလေးများအား စောင့်ကြည့်ကာကွယ်ရန်အလို့ငှာ အမျိုးသားများကို ညဘက် အမျိုးသမီးများ အပြင်မထွက်ရန် ဖြောင်းဖျခြင်း၊ တခါတရံ တားမြစ်ခြင်းများကို တိုက်တွန်းအားပေးသည်။ အမျိုးသမီးများ၏ ညရေးညတာ လုံခြုံရေးနှင့် စပ်လျဉ်းသည့် အထက်ပါ စံနှုန်းများကြောင့် အမျိုးသမီးများ အနေဖြင့် ပြည်သူ့ရေးရာ ကိစ္စရပ်များတွင် ပါဝင်နိုင်ရန် အကန့်အသတ် ရှိလာကာ အထူးသဖြင့် ညဘက် မြို့တွင်းနှင့် တခြားမြို့များသို့ ခရီးသွားခြင်း လိုအပ်သည့် အခါမျိုးတွင် အခက်အခဲများ ရှိလာပါသည်။[၄၉]

> နိုင်ငံ၏ ယဉ်ကျေးမှုအရ အမျိုးသမီးများ ညအပြင်ထွက်လျှင် မကောင်းမှု တစ်ဆုံတစ်ရာ ကြုံတွေ့မည်ကို စိုးရိမ်ပူပန်မှုများစွာရှိသည်

**၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်း ဒေတာများ အရ အမျိုးသား ၈၈ ရာခိုင်နှုန်း နှင့် အမျိုးသမီး ၈၇ ရာခိုင်နှုန်း က ညမှောင်ပြီးနောက် အိမ်ပတ်ဝန်းကျင် အနီးတစ်ဝိုက်၌ တစ်ယောက်တည်း လမ်းလျှောက် သောအခါ ဘေးကင်းလုံခြုံသည် ဟု ခံစားရပါသည်။** အသက် ၁၈-၃၅ ကြား ဖြေဆိုသူ အမျိုးသမီးများက ညမှောင်ပြီးနောက် ဘေးကင်းလုံခြုံသည်ဟု ခံစားရသည် ဆိုသောအချက်ကို သဘောမတူညီနိုင်ခြေ အမြင့်ဆုံး ဖြစ်သည်။ အမျိုးသမီးများ ညဘက်တစ်ဦးတည်း သွားလာခြင်းဆိုင်ရာ လူမှုစံနှုန်းများနှင့် စပ်လျဉ်းသည့် ရှုရင်းစွဲ သုတေသန များအား ၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်း တွေ့ရှိချက်များက စိန်ခေါ်လျက် ရှိပါသည်။ ၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်းဒေတာ တွေ့ရှိချက်များအတိုင်း အမျိုးသမီးများ ညဘက် အပြင် ထွက်ခြင်းနှင့် စပ်လျဉ်းသည့် ယဉ်ကျေးမှု စံနှုန်းများ ပြောင်းလဲလာ ပါသလား၊ သို့မဟုတ် အမျိုးသမီးများ အနေဖြင့် ညဘက် တစ်ဦးတည်း မထွက်ခြင်း သို့မဟုတ် အိမ်သို့ စောစောပြန်ခြင်း ဖြင့် စိတ်ချသေချာသည့် ဗျူဟာများ အသုံးပြုနေခြင်းလော စသည်တို့ကို နှိုင်းယှဉ်စိစစ် လေ့လာရန် သုတေသနများ ထပ်မံ၍ လိုအပ်နေပါသေးသည်။



# နိဂုံး

ယခု ဆွေးနွေးမှုစာတမ်းသည် ရှိနှင့်ပြီးသား ဒေတာအစု များကို ဂျင်ဒါအလိုက် ခွဲခြားပိုင်းဖြတ်သည့် နည်းလမ်းဖြင့် ကဏ္ဍများစွာရှိ ဂျန်ဒါပုံစံနှင့် လားရာများကို စိစစ်လေ့လာထားခြင်းဖြစ်သည်။ ဤစာတမ်းတွင် မြို့ပြနေအမျိုးသမီးများ၏ အခရာကျသော အတွေ့အကြုံများကို ရှုထောင့်သုံးခုမှ သုံးသပ်ထားပါသည်။ သေချာစွာကောက်ယူထားသော မြို့ပြလူနေမှုဘဝစစ်တမ်း၏ ကိန်းဂဏန်းအချက်အလက် ဆန်းစစ်ချက်များနှင့် တွေ့ရှိချက်များအရ မြန်မာ့မြို့ပြနေ အမျိုးသမီးများသည် အချိန်အလုံအလောက်မရှိသောကြောင့် အခွင့်အလမ်းများ ဆုံးရှုံးနေကြရသည်ဟူသော အဆိုကို ပံ့ပိုးပေးနေသည်။ ဆုံးဖြတ်ချက်ချသူများအား လက်လှမ်းမီနိုင်မှု နှင့် လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်မှုများမှာ လည်း အမျိုးသားများနှင့် တန်းတူညီမျှမှု မရှိပေ။

၂၀၁၈ မြို့ပြလူနေမှုဘဝစစ်တမ်းတွင် ဂျန်ဒါအရ ခွဲခြမ်းစိတ်ဖြာ၍ လေ့လာဆန်းစစ်နိုင်သော ဒေတာ အချက်အလက်များစွာ ရှိသည်။ ဤစာတမ်းတွင် အသုံးပြုထားသော အချက်အလက်များထက်ပင် ပိုမို အတွင်းကျပြီး ကျယ်ပြန့်သော ဂျန်ဒါဆိုင်ရာ လေ့လာဆန်းစစ်မှုများ ပြုလုပ်နိုင်သည်။ ၎င်းအချက် အလက်များသည် မြန်မာ့မြို့များတွင် ဂျန်ဒါ တန်းတူညီမျှမှုဆိုင်ရာ ရေရှည် ဆွေးနွေးမှုများကို တစ်ဖက် တစ်လမ်းမှ အထောက်အကူပြုပေးနိုင်သည်။



## ၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်းကို ဂျန်ဒါဆိုင်ရာ စိစစ်လေ့လာမှု ပြုခြင်းမှ အဓိကတွေ့ရှိချက်များမှာ -

### သုံးထပ်ကွမ်း ဝန်ထုတ်ဝန်ပိုး
### (The Triple Burden)



- **ကလေးထိန်းသိမ်းခြင်း၊ အသက်ကြီးသူများကို စောင့်ရှောက်ခြင်း နှင့် အိမ်မှုကိစ္စများကို ဆောင်ရွက်ရာ၌ ဖြေဆိုသူ အမျိုးသမီးများသည် အမျိုးသားများထက် အချိန်နှစ်ဆ ပိုမိုအသုံးပြုသည်။** အသက်အရွယ် ကွဲပြားမှုကို ထည့်သွင်းစိစစ်ပါက စောင့်ရှောက်ခြင်းနှင့် အိမ်မှုကိစ္စ နှစ်ခုပေါင်းကို လုပ်ဆောင်ရာတွင် ဖြေဆိုသူ အမျိုးသမီးငယ်များသည် အမျိုးသားငယ်များထက် အချိန်နှစ်ဆ ပိုမို အသုံးပြုပါသည်။
- မြို့အားလုံးရှိ (တိုင်းရင်းသား အုပ်စု၊ ဘာသာတရား၊ အသက်၊ ပညာရေး နောက်ခံ အခြေအနေ နှင့် ဝင်ငွေ အနေအထား စသည့် နယ်ပယ် အမျိုးမျိုးမှ အပါအဝင်) **အမျိုးသမီးများ ပြည်သူ့အရေးတွင် ပါဝင်နိုင်ရန် သုံးထပ်ကွမ်း ဝန်ထုတ်ဝန်ပိုး(triple burden) က အဟန့်အတား ဖြစ်နေပါသည်။**

### ကိုယ်စားပြု ပါဝင်နိုင်မှုနှင့် လွှမ်းမိုးနိုင်မှု
### (Agency and Influence)



- အမျိုးသမီးများထက် **အမျိုးသားများသည် ရပ်ကွက်အုပ်ချုပ်ရေးမှူးဖြင့် ပြောဆိုဆက်သွယ်သည်။**
- မြို့ပြဆိုင်ရာ ဆုံးဖြတ်ချက်များကို လွှမ်းမိုးနိုင်ရန် အမျိုးသမီးများသည် စာရေးသား တင်ပြခြင်း သို့မဟုတ် ရပ်ရွာလူကြီး (အများစုမှာ အမျိုးသား ဖြစ်သည်) ဖြင့် ဆက်သွယ်ခြင်းကဲ့သို့ **သမရိုးကျ နည်းလမ်းများကို ပိုမိုအသုံးပြုသည်။** ထိုနည်းလမ်းများကြောင့် ပြည်သူ့ရေးရာ နယ်ပယ်အတွင်း အမျိုးသမီးများ၏ ပါဝင်မှုကို လျော့နည်းစေနိုင်ပြီး ဂျန်ဒါခွဲခြားသော ခေါင်းဆောင်မှု အလေ့အထကို အားပေးသည်။
- အမျိုးသမီး များ၏ အများပြည်သူဆိုင်ရာ နေရာများတွင် တုံ့ပြန်ဆက်သွယ်ပုံ နှင့် ပြည်သူ့ရေးရာ ဆုံးဖြတ်ချက် ချမှတ်သူများကို တိုက်ရိုက်ဖြစ်စေ/ သွယ်ဝိုက်၍ ဖြစ်စေ လွှမ်းမိုးနိုင်ရန် ကြိုးပမ်းပုံ ကို နားလည်သဘောပေါက် ခြင်းဖြင့် အမျိုးသမီးများ ပိုမိုပါဝင်နိုင်မည့် လူထုဆက်ဆံရေး နည်းလမ်းများ ဖန်တီးနိုင်မည် ဖြစ်သည်။

### အလုပ်အကိုင် ရရှိမှု



- စစ်တမ်းပြုလုပ်ခဲ့သော မြို့များတွင် **အမျိုးသား ၂၄ ရာခိုင်နှုန်း နှင့် အမျိုးသမီး ၅၂ ရာခိုင်နှုန်း က အလုပ်မလုပ်နေသော်လည်း အလုပ်မရှာပါ ဟု ဖြေဆိုသည်။**
- အလုပ်အကိုင် ရရှိမှုနှုန်း ကွာဟချက် အကြီးမားဆုံး ရှိသော အသက်အပိုင်းအခြား မှာ ၃၅ နှစ် နှင့် ၅၀ နှစ် အကြား အုပ်စုဖြစ်သည် (အမျိုးသား ၈.၅ ရာခိုင်နှုန်း နှင့် အမျိုးသမီး ၄၀ ရာခိုင်နှုန်း က ၎င်းတို့သည် အလုပ်မလုပ်ပါ ဟု ဖြေဆိုခဲ့သည်) ။
- **လုပ်သားအင်အားဆိုင်ရာ ညီမျှမှု မရှိခြင်းမှာလည်း မြန်မာနိုင်ငံရှိ မြို့များတွင် ဂျန်ဒါတန်းတူညီမျှမှု ရှိရေးအတွက် အဓိက အတားအဆီးတစ်ခု ဖြစ်နေသည်။** အထူးသဖြင့် စီးပွားရေးကို ကျားကန်ပံ့ပိုးထားသော အမျိုးသမီးများ၏ လုပ်အားများစွာမှာ တန်ဖိုးထားခံရခြင်း မရှိချေ။
- **လုပ်သားအင်အားစု အတွင်း အမျိုးသမီးများ၏ ပါဝင်မှုကို မြှင့်တင်ရာတွင် မြို့အခြေခံ အဆောက်အဦ အထူးသဖြင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်မှာ အရေးကြီးသော အခန်းကဏ္ဍမှာ ပါဝင်ပါသည်။** စစ်တမ်းအရ အမျိုးသမီးများ အလုပ်အကိုင် ရရှိမှု နည်းပါးခြင်းကို ကြည့်ပါက ပို့ဆောင်ရေးဆိုင်ရာ အခြေခံ အဆောက်အဦနှင့် လက်လှမ်းမီနိုင်မှု တိုးတက်ကောင်းမွန်ရန် လိုအပ်သည်ကို တွေ့နိုင်သည်။

# အခန်းဆုံးမှတ်စု


၁ Conciliation Resources. 2015. *Gender and Conflict Analysis Toolkit for Peacebuilders.* London: Conciliation Resources

၂ UN Women. 2013. *Women, Peace and Security: An Introductory Manual*. Canberra: UN Women Australia

၃ International Fund for Agricultural Development ၏ Glossary of gender terms (2017) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် များအား မှီငြမ်းကိုးကား ထားပါသည်။

၄ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ၂၀၁၅။ *၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း။* နေပြည်တော်၊ UNFPA။

၅ McPherson, P. (2016, July 16). *Evicting the Residents of 555.* Next City: https://nextcity.org/features/view/yangon-myanmar-evictions-urbancleanup-policiesမှ ရယူထားပါသည်။

၆ UN Women. 2018. *Women's meaningful participation in negotiating peace and the implementation of peace agreements: Report of the Expert Group Meeting.* New York: UN Women

၇ ၎င်းတို့တွင် ၀.၅ ထက် နည်းသော p-value ရှိနေသည်။

၈ Paffenholz, Thania. 2016. *Making Women Count - Not Just Counting Women: Assessing Women's Inclusion and Influence on Peace Negotiations.* Geneva: Inclusive Peace and Transition Initiative and UN Women

၉ ထပ်မံ၍ လေ့လာဖတ်ရှု လိုပါက - Domingo, Pilar at el. (2015). *Women's Voice and Leadership in Decision-Making: Assessing the Evidence.* London: ODI; Cornwall, Andrews. 2014. Women's Empowerment, What Works and Why? WIDER Working Paper. Helsinki: UNU-WIDER; Htun, M. and Weldon, S. L. (2018) The Logics of Gender Justice, Cambridge University Press

၁၀ Htun, Mala, and Laura Weldon. 2018. *The Logics of Gender Justice State Action on Women's Rights Around the World.* Cambridge: Cambridge University Press

၁၁ DiLanzo, Tatiana. 2018. *Strengthen Girls' and Women's Political Participation and Decision-Making Power.* Women Deliver

၁၂ *Cornwall, Andrea. 2014. Women's empowerment: what works and why?* Helsinki: World Institute for Development Economics Research

၁၃ UN. 2019. *Goal 11 Sustainable Cities and Communities.* https://unstats.un.org/sdgs/report/2016/goal-11/ မှ အောက်တိုဘာ ၂၁၊ ၂၀၁၉ တွင် ရယူထားသည်

၁၄ United Nations. 2018. 2018 *Revision of World Urbanization Prospects.* New York: UN

၁၅ Evans, Alice. 2017. *"Cities as catalysts of gendered social change? Reflections from Zambia." Annals of the American Association of Geographers 1096-1114, Evans, Alice. 2019. How Cities Erode Gender Inequality: A New Theory and Evidence from Cambodia.* London: King's College London

၁၆ Vaz, Ana, Pierre Pratley, and Sabine Alkire. 2016. "Measuring Women's Autonomy in Chad Using the Relative Autonomy Index." *Feminist Economics* 264–294

၁၇ Chant, Sylvia. 2013. "Cities through a "gender lens": a golden "urban age" for women in the global South?" *International Institute for Environment and Development* 9–29

၁၈ Chant, Sylvia. 2013. "Cities through a "gender lens": a golden "urban age" for women in the global South?" *International Institute for Environment and Development* 9–29

၁၉ Evans, Alice. 2019. *How Cities Erode Gender Inequality: A New Theory and Evidence from Cambodia.* London: King's College London

၂၀ Crabtree, Steve, and Faith Nsubuga. 2012. *Women Feel Less Safe Than Men in Many Developed Countries.* July 6

၂၁ McIlwaine, Cathy. 2013. "Urbanization and gender-based violence: exploring the paradoxes in the global South." *International Institute for Environment and Development* 65–79

၂၂ Gonzalez Carvajal, Karla, and Muneeza Mehmood Alam. 2018. *Transport is not gender-neutral.* January 24. Accessed October 20, 2019. https://blogs.worldbank.org/transport/transport-not-gender-neutral.

၂၃ International Labour Organization. 2017. *World Employment and Social Outlook: Trends for women 2017.* Geneva: International Labour Officer

၂၄ UN Habitat. 2012. *Gender Issue Guide: Urban Planning and Design.* Nairobi: UN Habitat

၂၅ Whitzman, Carolyn. 2013. "Women's safety and everyday mobility." In *Building Inclusive Cities: Women's Safety and the Right to the City,* by Crystal Legacy, Caroline Andrew, Margaret Shaw, Fran Klodawsky Carolyn Whitzman, 35-52. Abingdon: Routledge

၂၆ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်၊ ၂၀၁၅။ *ရှန်းမထွက်သာ အစဉ်အလာ၊ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုစံနှုန်းများ၊ လူမှုအလေ့အထများနှင့် ကျား၊ မ တန်းတူညီမျှရေး စာတမ်း။* ရန်ကုန်၊ GEN။

၂၇ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်၊ ၂၀၁၅။ *ရှန်းမထွက်သာ အစဉ်အလာ၊ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုစံနှုန်းများ၊ လူမှုအလေ့အထများနှင့် ကျား၊ မ တန်းတူညီမျှရေး စာတမ်း။* ရန်ကုန်၊ GEN။

၂၈ Domingo, Pilar, and Et al. 2015. *Women's voice and leadership in decision-making. London: ODI, Cornwall, Andrea. 2014. Women's empowerment: what works and why?* Helsinki: World Institute for Development Economics Research.

၂၉ မြို့ပြလူနေမှုဘဂ စစ်တမ်း ၂၀၁၈ ၌ ပုံမှန် ရက်သတ္တပတ်တစ်ခုတွင် အောက်ပါ ကိစ္စရပ်များကို တစ်နေ့လျှင် နာရီမည်မျှ လုပ်ပါသလဲ ဟု မေးခွန်းမေးထားကာ ရွေးချယ်စရာ နစ်ခု ဖြစ်သော - 'အိမ်မှုကိစ္စများ (အိမ်ထောင်စုအတွက် ဈေးဝယ်ထွက်ခြင်း အပါအဝင်) နှင့် ကလေးနှင့် အသက်ကြီးသူ ကြည့်ရှုစောင့်ရှောက်ခြင်း' တို့မှာ အိမ်အလုပ် နှင့်တိုက်ရိုက် သက်ဆိုင်ပါသည်။ ဖြေဆိုသူများ၏ ယင်းကိစ္စရပ်များအတွက် ကုန်ဆုံးသည့် အချိန်ကို ပေါင်းစပ်၍ အသက်အရွယ်၊ ဂျန်ဒါ၊ ဝင်ငွေနှင့် အခြားသော အုပ်စုများခွဲကာ စိစစ်ပါက သုံးခုထပ် ဝန်ထုတ်ဝန်ပိုး (triple burden) ကို တွက်ချက် ရရှိနိုင်မည် ဖြစ်သည်။

၃၀ Klugman, Jeni, and Tatiana Melnikova. 2016. *Unpaid Work and Care: A Policy Brief.* New York: Secretary General's High Level Panel on Women's Economic Empowerment

၃၁ လူငယ် အသက်အရွယ် အဖြစ် ၁၈နှစ် မှ ၃၅နှစ် အထိ သတ်မှတ်ထားသည်(မြန်မာနိုင်ငံ လူငယ် မူဝါဒအရ)။

၃၂ Domingo, Pilar, and Et al. 2015. *Women's voice and leadership in decision-making. London: ODI, Cornwall, Andrea. 2014. Women's empowerment: what works and why?* Helsinki: World Institute for Development Economics Research

၃၃ ရွှေရွှေစိန်လတ်၊ Kim N. B. Ninh၊ မီကီကျော်မြင့်၊ Susan Lee၊ ၂၀၁၇။ *မြန်မာ့နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှု - အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ၏ အတွေ့အကြုံများ ၂၀၁၁-၂၀၁၆။* ရန်ကုန်၊ အာရှဖောင်ဒေးရှင်း။

၃၄ ကြည်ပြာချစ်စော နှင့် Matthew Arnold၊ ၂၀၁၄။ *မြန်မာနိုင်ငံ အုပ်ချုပ်ရေးကဏ္ဍ၏ ကျောရိုးဖြစ်သည့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန နှင့် ပတ်သတ်၍ လေ့လာတင်ပြချက်။* ရန်ကုန်၊ အာရှဖောင်ဒေးရှင်း။

၃၅ International IDEA. 2003. The Implementation of Quotas: Asian Experiences. Stockholm: International IDEA; True, Jacqui, Sara Niner, Swati Parashar, and Nicole George. 2012. *Women's Political Participation in Asia and the Pacific.* Social Science Research Council Conflict Prevention and Peace Forum ကို ဥပမာ ကြည့်ပါ။

၃၆ ထပ်မံ၍ လေ့လာဖတ်ရှု လိုပါက - Ikeya, Chie. 2013. The life and writing of a patriotic feminist: Independent Daw San of Burma. In, Blackburn, Susan and Helen Ting (Editors). *Women in Southeast Asian Nationalist Movements: A biographical approach.* Singapore: NUS Press, 23-47; Harriden, Jessica. 2012. *The Authority of Influence: Women and Power in Burmese History.* Copenhagen: NIAS Press; Ikeya, Chie. 2005/2006. The 'traditional' high status of women in Burma: A historical reconsideration. *Journal of Burma Studies,* 10, 50-81; Ikeya, Chie. 2011. *Refiguring Women, Colonialism, and Modernity in Burma.* Honolulu: University of Hawai'i Press. Historian Chie Ikeya's study (2015, 2001) on gender and colonialism demonstrates how the notion of Burmese women's 'high-status' has been manipulated by political elites to masquerade the continued exclusion of women from leadership roles (2005, 51).

၃၇ နောက်ခံအကြောင်းအရာ နှင့်စပ်လျဉ်း၍ ပိုမိုလေ့လာလိုပါက - Ikeya, 2011; Harriden, 2012; Ikeya, 2005/2006

၃၈ အာရှဖောင်ဒေးရှင်း၊ ၂၀၁၄။ *၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ - ပြောင်းလဲနေသော လူ့အဖွဲ့အစည်းတွင်းရှိ နိုင်ငံသားများ၏ အသိပညာနှင့် တန်ဖိုးထားမှုများ။* ဆန်ဖရန်စစ္စကို၊ အာရှဖောင်ဒေးရှင်း။

၃၉ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်၊ ၂၀၁၅။ *ရှန်းမထွက်သာ အစဉ်အလာ၊ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုစံနှုန်းများ၊ လူမှုအလေ့အထများနှင့် ကျား၊ မ တန်းတူညီမျှရေး စာတမ်း။* ရန်ကုန်၊ GEN။ ADB၊ ၂၀၁၆။ *မြန်မာနိုင်ငံ၏ ကျား၊မ ရေးရာ တန်းတူညီမျှခြင်းနှင့် အမျိုးသမီးများ၏ အခွင့်အရေးဆိုင်ရာ အခြေအနေ ဆန်းစစ်မှု။* မနီလာ၊ ADB။ Minoletti, Paul၊ ၂၀၁၄။ *မြန်မာနိုင်ငံ ဒေသဆိုင်ရာ အုပ်ချုပ်မှုတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ခြင်း။* ရန်ကုန်၊ အာရှဖောင်ဒေးရှင်း။

၄၀ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်၊ ၂၀၁၅။ *ရှန်းမထွက်သာ အစဉ်အလာ၊ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုစံနှုန်းများ၊ လူမှုအလေ့အထများနှင့် ကျား၊ မ တန်းတူညီမျှရေး စာတမ်း။* ရန်ကုန်၊ GEN။

၄၁ ADB၊ ၂၀၁၆။ *မြန်မာနိုင်ငံ၏ ကျား၊မ ရေးရာ တန်းတူညီမျှခြင်း နှင့် အမျိုးသမီးများ၏ အခွင့်အရေးဆိုင်ရာ အခြေအနေ ဆန်းစစ်မှု။* မနီလာ၊ ADB။

၄၂ IFC နှင့် Dana Facility၊ ၂၀၁၉။ *လေးစားမှုရှိသည့် လုပ်ငန်းခွင်များ - မြန်မာနိုင်ငံရှိ စီးပွားရေး လုပ်ငန်းများတွင် လုပ်ငန်းခွင် နိုင်ထက်စီးနင်း ပြုလုပ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း များကြောင့် ဖြစ်ပေါ်သော ဆုံးရှုံးနစ်နာမှုများအား လေ့လာဆန်းစစ်ခြင်း။* ရန်ကုန်၊ IFC နှင့် Dana Facility။

၄၃ မြန်မာနိုင်ငံ လူငယ်မူဝါဒနှင့်အညီ လူငယ် အသက်အရွယ် အဖြစ် ၁၈နှစ် မှ ၃၅နှစ် အထိ သတ်မှတ်အသုံးပြုထားသည်။

၄၄ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ၂၀၁၄။ *Census Atlas Myanmar* ။ နေပြည်တော်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန။

၄၅ International Labour Organization. 2017. *World Employment and Social Outlook: Trends for women 2017.* Geneva: International Labour Officer

၄၆ Evans, Alice. 2019. *How Cities Erode Gender Inequality: A New Theory and Evidence from Cambodia.* London: King's College London

၄၇ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်၊ ၂၀၁၅။ *ရှုန်းမထွက်သာ အစဉ်အလာ၊ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု စံနှုန်းများ၊ လူမှုအလေ့အထများနှင့် ကျား၊ မ တန်းတူညီမျှရေး စာတမ်း။* ရန်ကုန်၊ GEN။ UNFPA၊ ၂၀၁၇။ Powerful Myths Hidden Secrets။ ရန်ကုန်၊ UNFPA။

၄၈ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်၊ ၂၀၁၅။ *ရှုန်းမထွက်သာ အစဉ်အလာ၊ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု စံနှုန်းများ၊ လူမှုအလေ့အထများနှင့် ကျား၊ မ တန်းတူညီမျှရေး စာတမ်း။* ရန်ကုန်၊ GEN။

၄၉ Paung Sie Facility၊ ၂၀၁၆။ *အမျိုးသမီးများ အသင့်ဖြစ်နေပြီ - မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး အသွင်ကူးပြောင်းရာ၌ အခွင့်အလမ်းတစ်ခု။* ရန်ကုန်၊ PSF။






ရုံးချုပ်
၄၆၅ ကယ်လီဖိုးနီးယားလမ်း၊ ၉ လွှာ
ဆန်ဖရန်စစ္စကို၊ CA 94104 USA
ဖုန်း - +၁-၄၁၅-၉၈၂-၄၆၄၀
info.sf@asiafoundation.org

မြန်မာ
အမှတ် ၁၁၊ ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
ဖုန်း - +၉၅-၉-၄၂၆ ၅၂၂ ၆၈၀
myanmar.general@asiafoundation.org

**www.asiafoundation.org**